# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

၏

## သင်းပွဲ့မှတ်တမ်း
## နှင့်
## သင်းပွဲ့စည်းမျဉ်း

( ၂၀၂၂ ၊ ဇန်နဝါရီလ ( ၂၂ ) ရက် )

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်
# ၏
# သင်းဖွဲ့မှတ်တမ်း

## ၁။ အသင်းချုပ်၏အမည်

ဤအသင်းကို ''မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်''ဟူ၍ လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် '' FFEDERATION OF MYANMAR ENGINEERING SOCIETIES '' (အတိုကောက် Fed. MES) ဟူ၍လည်းကောင်း ခေါ်တွင်စေရမည်။

## ၂။ အသင်းချုပ်၏တည်နေရာ

အသင်းချုပ်၏မှတ်ပုံတင်တည်နေရာသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့တွင် တည်ရှိစေရမည်။

## ၃။ အသင်းချုပ်၏ရည်ရွယ်ချက်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများဆောင်ရွက်ရာတွင် အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ အခန်းကဏ္ဍသည်အဓိကအားထားရသောကဏ္ဍအဖြစ် ပါဝင်နေခြင်းဖြစ်သည်နှင့်အညီ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ အနေဖြင့် နိုင်ငံတော်အဖွဲ့အစည်းများ၊ ကုန်သွယ်မှုလုပ်ငန်းအဖွဲ့အစည်းများ၊ ထုတ်လုပ်ရေးလုပ်ငန်း အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၊ တည်ဆောက်ရေး လုပ်ငန်းအဖွဲ့အစည်းများ၊ ပညာရေးနှင့် သုတေသနအဖွဲ့အစည်းများနှင့် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်စေရန် အောက်ပါ ရည်ရွယ်ချက်များဖြင့် ဤအသင်းချုပ်ကို တည်ထောင်ရခြင်းဖြစ်သည်–

(က) စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များအနေဖြင့် မိမိတတ်ကျွမ်းသောပညာကို အသုံးပြု၍အစွမ်းကုန် ပါဝင်ဆောင်ရွက်ရန်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်များ တိုးတက်ပြန့်ပွားရေး လုပ်ငန်းနှင့် နိုင်ငံတော်တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများတွင်တစ်ပြည်လုံးရှိ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ စုစုစည်းစည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်ရန်။

(ဂ) ဤအသင်းချုပ်ကြီးတွင် ဘွဲ့ရအင်ဂျင်နီယာနှင့် ဗိသုကာများအပြင် ဒီပလိုမာရအင်ဂျင်နီယာများ၊ အခြားအသိအမှတ်ပြု လက်မှတ်ရ အင်ဂျင်နီယာများ၊ အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ် တိုးတက်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်နေသောပုဂ္ဂိုလ်များနှင့် ဤအသင်းကြီး တိုးတက်ရေးအတွက် တက်ကြွစွာ ကူညီပံ့ပိုးနေသော ပုဂ္ဂိုလ်များနှင့်အဖွဲ့ အစည်းများလည်း အသင်းဝင်အဆင့်ဆင့်တွင် ပါဝင်နိုင်စေရန်။

(ဃ) အင်ဂျင်နီယာနှင့်ဗိသုကာပညာရပ်၏ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များအနေဖြင့် မိမိတို့၏ တာဝန်ဝတ္တရား (Duties and Responsibilities) နှင့် စောင့်ထိန်းရမည့် ပညာရှင်ကျင့်ဝတ် (Professional Ethics) တို့ကို ကောင်းစွာသိနားလည်အောင် ပြုလုပ်ပေး ရန်။

(င) မျိုးဆက်သစ်အင်ဂျင်နီယာ ကျောင်းသားငယ်များနှင့် အင်ဂျင်နီယာ၊ ဗိသုကာလူငယ်များအတွက် အစဉ်အလာကောင်း၊ အတွေ့အကြုံ၊ ဗဟုသုတကောင်းများကို ဟောပြောပေးခြင်း၊ လေ့လာရေး ခရီးစဉ်များ စီစဉ်ပေးခြင်း၊ သင်တန်းဖွင့်လှစ်ပေးခြင်း စသည်များကို ပြုလုပ်ပေးခြင်းအားဖြင့် ဗဟုသုတအကြားအမြင် ကြွယ်ဝသောအတတ်ပညာရှင်များ ပေါ်ပေါက်လာပြီး ခေတ်မီနိုင်ငံတော်ကြီး ဖြစ်အောင် ထူထောင်ရာ၌ များစွာအထောက်အကူပြုနိုင်ရန်။

(စ) အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် သုတေသနပြုလုပ်ခြင်း၊ စာတမ်းဖတ်ပွဲများ၊ ဟောပြော ပွဲများ ပြုလုပ်ခြင်း၊ ဂျာနယ်၊ စာစောင်များ ထုတ်ဝေခြင်း စသည်များကို ကျယ်ပြန့်စွာလုပ်ဆောင်နိုင်ရန်။

(ဆ) ပညာရပ်ဖွံ့ဖြိုးရေးအတွက် ကျောင်းသားများအား ပညာသင်ထောက်ပံ့ပေးရန်နှင့် သုတေသီများအား ငွေကြေးအပါအဝင် လိုအပ်သော ပံ့ပိုးမှုများပေးရန်။

(ဇ) အင်ဂျင်နီယာနှင့် ဗိသုကာဆိုင်ရာ အသက်မွေးဝမ်းကျောင်းပြုသူများအား အခါအားလျော်စွာ အရည်အချင်းစိစစ်ပြီး သင့်တော်သည့် အသင်းဝင် (Membership) အဆင့်တွင် သတ်မှတ်ပေးရန်။

(ဈ) အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်များသည် အလွန်ကျယ်ပြန့်သည့်အပြင် အစဉ်သဖြင့် ရှင်သန်တိုးတက် နေသည့်အလျောက် ပညာရပ်တစ်ခုချင်းအလိုက် ထိထိမိမိဆောင်ရွက်နိုင်စေရန် အတွက် ဤအသင်းချုပ်ကြီး အခြေတကျဖြစ်လာသောအခါတွင် အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ် အသီးသီးနှင့်ဆိုင်သောပညာရပ် အသင်းများ/အသင်းခွဲများ လိုအပ်သလို တိုးချဲ့ဖွဲ့စည်းထူထောင်သွားရန်။

(ည) အသင်းချုပ်၏လုပ်ငန်းများ ချောမောစွာဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းနှင့် ပြည်ပနိုင်ငံများတွင် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စသဖြင့် ဒေသအလိုက် အသင်းများ/အသင်းခွဲများ ဖွင့်လှစ်တည်ထောင်သွားရန်။

(ဋ) နိုင်ငံတော်နှင့် လူထုအကျိုးအတွက် အခြားသော နိုင်ငံများရှိ ပညာရပ်နှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ နှင့် လိုအပ်သလို ဆက်သွယ်ဆောင်ရွက်ရန်။

(ဌ) အသင်းချုပ်ကို အကျိုးအမြတ်မယူသော နိုင်ငံရေးနှင့်မသက်ဆိုင်သောအဖွဲ့အစည်း (Non-Profit and Non-Political Organization) အသင်းဝင်များ အဖြစ် ဖွဲ့စည်းဆောင်ရွက်ရန်။

## ၄။ ပြဋ္ဌာန်းဥပဒေများကို လိုက်နာရန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ စည်းမျဉ်းများ၊ စည်းကမ်းသတ်မှတ်ချက်များက ခွင့်ပြုထားသည့်လုပ်ငန်းများကိုသာ ဆောင်ရွက်၍ နောင်တွင် ပြဋ္ဌာန်းသည့်ဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ စည်းမျဉ်းများ၊ စည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

## ၅။ ပြဋ္ဌာန်းဥပဒေများ မလိုက်နာသူတာဝန်

အကယ်၍ တစ်စုံတစ်ယောက်သော အသင်းသား/အသင်းသည် ဤသင်းဖွဲ့မှတ်တမ်း အပိုဒ်။ ၄ ကို ဖောက်ဖျက်ကျူးလွန်ခဲ့သော် အသင်းချုပ် ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အတိုင်းလိုက်နာရမည်။

၆။ **ကန့်သတ်ချက်**

ဤအသင်းချုပ်သည် လူမှုဖွံ့ဖြိုးတိုးတက်မှုများဆောင်ရွက်သော အသင်းချုပ်ဖြစ်သည့်အလျောက် နိုင်ငံရေးအဖွဲ့အစည်း တစ်ခုခုတွင် ပါဝင်ခြင်းမရှိစေရ။

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်
## ၏
## သင်းဖွဲ့စည်းမျဉ်းများ
## အခန်း (၁)
## အသင်းချုပ်၏အမည်နှင့်ရည်ရွယ်ချက်

၁။ **အသင်းချုပ်၏အမည်**

ဤအသင်းကို "မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်"ဟူ၍ လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် " FEDERATION OF MYANMAR ENGINEERING SOCIETIES " (အတိုကောက် Fed. MES) ဟူ၍လည်းကောင်း ခေါ်တွင်စေ၍ ဤစည်းမျဉ်းများ၌ အသင်းချုပ်ဟူ၍သာ ဖော်ပြထားသည်။

၂။ **အသင်းချုပ်၏တည်နေရာ**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ တည်နေရာသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် တည်ရှိစေရမည်။

၃။ **အသင်းချုပ်၏ရည်ရွယ်ချက်**

သင်းဖွဲ့မှတ်တမ်း အပိုဒ် ၃ တွင် ဖော်ပြထားသော ရည်ရွယ်ချက်များ ထမြောက်စေခြင်းအလို့ငှာ လည်းကောင်း၊ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များအနေဖြင့် အင်ဂျင်နီယာနှင့် ဗိသုကာဆိုင်ရာပညာရပ်နှင့် ပတ်သက်၍ တင်ပြခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖြစ်မြောက်အောင်ဆောင်ရွက်ခြင်း အလို့ငှာလည်းကောင်း၊ ဤအသင်းချုပ်ကို ဖွဲ့စည်းတည်ထောင်သည်။

## အခန်း (၂)
## အသင်းဝင်ဖြစ်ခြင်း

အသင်းချုပ်၏ ဦးဆောင်မှု ဖြင့်ဖွဲ့စည်း၍ သက်ဆိုင်ရာတွင် တရားဝင်မှတ်ပုံတင်ထားသော ပြည်နယ်နှင့် တိုင်းဒေသကြီး အင်ဂျင်နီယာအသင်းများနှင့် အင်ဂျင်နီယာဘာသာရပ်အသင်းများသည် အသင်းချုပ်၏ခက်ဖြာအဖွဲ့အစည်း(Umbrella Organization) အဖြစ်ရပ်တည်ရမည်။

၄။ **အသင်းသားအဖြစ် ပါဝင်ခွင့်**

အောက်ဖော်ပြပါပုဂ္ဂိုလ်တစ်ဦးချင်း (သို့) လုပ်ငန်းအဖွဲ့အစည်း (သို့) ကိုယ်စားလှယ်လွှဲအပ်ခံရသူသည် ဤအသင်းချုပ်၏ အသင်းသားအဖြစ် ပါဝင်ခွင့်လျှောက်ထားနိုင်သည်။

**(က) ကျောင်းသားအသင်းသား (Student Member)**

ကောလိပ်/တက္ကသိုလ်အဆင့် အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်များကို သင်ကြားနေသော ကျောင်းသား/ ကျောင်းသူများ ကျောင်းသားအသင်းသားများအဖြစ် လျှောက်ထားခွင့်ရှိသည်။ တိုးတက်ရေးအတွက် ပူးပေါင်း ပါဝင်ဆောင်ရွက်လိုသူများအနေဖြင့် အရန်အသင်းသားအဖြစ် လျှောက်ထား ခွင့်ရှိသည်။

**(ခ) အရန်အသင်းသား (Affiliated Member)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏လုပ်ငန်းများကို စိတ်ပါဝင်စားသည့်ပုဂ္ဂိုလ်များဖြစ်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် တိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသူများအနေဖြင့် အရန်အသင်းသား အဖြစ် လျှောက်ထားခွင့်ရှိသည်။

**(ဂ) အငယ်တန်းအသင်းသား (Junior Member)**

(ဂ-၁) အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပတက္ကသိုလ်/ကောလိပ်တစ်ခုခုမှ အင်ဂျင်နီယာ/ဗိသုကာဘွဲ့ရရှိထား သူများ။

(ဂ-၂) အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပစက်မှုသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တစ်ခုခုမှ အေဂျီတီအိုင်နှင့်အလားတူ ဒီပလိုမာလက်မှတ်ရထားပြီး အသင်းသား(Member)အဆင့်ရှိ ပုဂ္ဂိုလ်(၂)ဦး၏ ထောက်ခံချက်ရရှိထားသူများ။

**(ဃ) တွဲဖက်အသင်းသား (Associate Member)**

(ဃ-၁) အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပတက္ကသိုလ်ကောလိပ်တစ်ခုခုမှ အင်ဂျင်နီယာ/ဗိသုကာဘွဲ့ရရှိပြီး အငယ်တန်းအသင်းသား (Junior Member) အဖြစ် (၂)နှစ် သက်တမ်းရှိပြီးသူများ။

(ဃ-၂) အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပစက်မှုသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တစ်ခုခုမှ အေဂျီတီအိုင်နှင့် အလားတူ ဒီပလိုမာလက်မှတ်ရထားပြီး အငယ်တန်းအသင်းသား (Junior Member) အဖြစ် (၃)နှစ် အသင်းဝင် သက်တမ်းရှိပြီးသူများ။

(ဃ-၃) အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပတက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ အင်ဂျင်နီယာ/ဗိသုကာဘွဲ့ရရှိပြီး၊ လုပ်ငန်းအတွေ့အကြုံ (၄)နှစ် ရှိပြီးသူများ။

(ဃ-၄) အသိအမှတ်ပြု ပြည်တွင်းပြည်ပ စက်မှုသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တစ်ခုခုမှ အေဂျီတီအိုင်နှင့် အလားတူ ဒီပလိုမာလက်မှတ်ရထားပြီး လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိပြီးသူများ။

**(င) အသင်းသား (Member)**

(င-၁) အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပတက္ကသိုလ်ကောလိပ်တစ်ခုခုမှ အင်ဂျင်နီယာ၊ ဗိသုကာဘွဲ့ရရှိပြီး အငယ်တန်း အသင်းသား (Junior Member) အဖြစ် (၂) နှစ် သက်တမ်းရှိပြီးနောက် တစ်ဆက်တည်း တွဲဖက်အသင်းသား (Associate Member) အဖြစ် (၂)နှစ်သက်တမ်းရှိပြီး သူများအနေဖြင့် အသင်းသား (Member) အဆင့်ရှိ ပုဂ္ဂိုလ် (၂)ဦး၏ ထောက်ခံချက်ဖြင့် အသင်းသားအဖြစ် လျှောက်ထားခွင့်ရှိသည်။

(င-၂) အသိအမှတ်ပြု ပြည်တွင်း ပြည်ပစက်မှုသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တစ်ခုခုမှ အေဂျီတီအိုင်နှင့် အလားတူ ဒီပလိုမာလက်မှတ်ရထားပြီး အငယ်တန်းအသင်းသား (Junior Member) အဖြစ်

(၃)နှစ် သက်တမ်းရရှိပြီး နောက် တစ်ဆက်တည်း တွဲဖက်အသင်းသား (Associate Member)အဖြစ် (၃)နှစ် သက်တမ်းရှိပြီးသူများ အနေဖြင့် အသင်းသား (Member) အဆင့်ရှိ ပုဂ္ဂိုလ်(၂)ဦး ထောက်ခံချက်ဖြင့် အသင်းသား (Member) အဖြစ် လျှောက်ထားခွင့်ရှိသည်။

(င-၃) အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ အင်ဂျင်နီယာ၊ ဗိသုကာဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံ(၄)နှစ်ရရှိပြီးနောက် တစ်ဆက်တည်း တွဲဖက်အသင်းသား(Associate Member) အဖြစ် (၂)နှစ် သက်တမ်းရှိပြီးသူများအနေဖြင့် အသင်းသား (Member) အဆင့်ရှိ ပုဂ္ဂိုလ် (၂)ဦး၏ ထောက်ခံချက်ဖြင့် အသင်းသား (Member) အဖြစ် လျှောက်ထားခွင့်ရှိသည်။

(င-၄) အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပ စက်မှုသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တစ်ခုခုမှ အေဂျီတီအိုင်နှင့် အလားတူ ဒီပလိုမာလက်မှတ်ရထားပြီး၊ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရရှိပြီးနောက် တစ်ဆက်တည်း တွဲဖက်အသင်းသား (Associate Member) အဖြစ် (၃)နှစ်သက်တမ်းရှိပြီးသူများအနေဖြင့် အသင်းသား (Member) အဆင့်ရှိပုဂ္ဂိုလ် (၂)ဦး၏ ထောက်ခံချက်ဖြင့် အသင်းသား (Member) အဖြစ် လျှောက်ထားခွင့် ရှိသည်။

(င-၅) အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပ၊ တက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ အင်ဂျင်နီယာ၊ ဗိသုကာဘွဲ့ရရှိပြီး လုပ်ငန်း အတွေ့အကြုံ (၈)နှစ်ရှိပြီးသူများအနေဖြင့် အသင်းသား (Member) အဆင့်ရှိပုဂ္ဂိုလ် (၂)ဦး၏ ထောက်ခံချက်ဖြင့် အသင်းသား (Member) အဖြစ် လျှောက်ထားခွင့်ရှိသည်။

(င-၆) အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပ စက်မှုသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တစ်ခုခုမှ အေဂျီတီအိုင်နှင့် အလားတူ ဒီပလိုမာလက်မှတ်ရရှိထားပြီး လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်ရှိပြီးသူများအနေဖြင့် အသင်းသား (Member) အဆင့်ရှိပုဂ္ဂိုလ် (၂)ဦး၏ ထောက်ခံချက်ဖြင့် အသင်းသား (Member) အဖြစ် လျှောက်ထားခွင့်ရှိသည်။

(င-၇) အသိအမှတ်ပြု ပြည်ပတက္ကသိုလ်တစ်ခုခုမှ အင်ဂျင်နီယာ၊ ဗိသုကာဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်ရှိပြီးသော နိုင်ငံခြားသား များအနေဖြင့် နိုင်ငံခြားအသင်းသား (Foreigner Member) အဖြစ်လျှောက်ထားခွင့်ရှိသည်။ သို့သော်မဲဆန္ဒပေးပိုင်ခွင့်မရှိစေရ။

**(စ) အကြီးတန်းအသင်းသား (Fellow)**

အသင်းသား (Member) အဖြစ် အနည်းဆုံး (၄)နှစ် အသင်းဝင်သက်တမ်းရှိပြီး ထိုကာလအတွင်း အင်ဂျင်နီယာ၊ ဗိသုကာဆိုင်ရာလုပ်ငန်းများကို လက်တွေ့လုပ်ဆောင်နေသူဖြစ်သည့် အပြင် အင်ဂျင်နီယာ ပညာဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်နေသော အသင်းသားသည် (Fellow) အဖြစ် လျှောက်ထားခွင့်ရှိသည်။

**(ဆ) ရာသက်ပန်အသင်းသား (Life Member)**

အသင်းသားအဖြစ် အနည်းဆုံး (၁၅)နှစ် အသင်းဝင်သက်တမ်းရှိ၍ ထိုကာလအတွင်း အင်ဂျင်နီယာ/ဗိသုကာဆိုင်ရာ လုပ်ငန်းများကို လက်တွေ့လုပ်ဆောင်နေသူဖြစ်ပြီး အနည်းဆုံး အသက် (၆၅)နှစ် ပြည့်သူများ ရာသက်ပန်အသင်းသားအဖြစ် လျှောက်ထားခွင့်ရှိသည်။ (အသင်းချုပ်စတင်ဖွဲ့စည်း စည်းရုံးရေး ကာလများအတွင်း အထူးကိစ္စရပ်များအဖြစ် ဗဟိုကော်မတီမှ အတည်ပြု သတ်မှတ်ပေးနိုင်ပါသည်။)

**(ဇ) ဂုဏ်ထူးဆောင်အသင်းသား (Honorary Member)**

ဤအသင်းချုပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ကူညီပံ့ပိုးပေးသောပုဂ္ဂိုလ်များ အဖွဲ့အစည်းများကို ဂုဏ်ထူးဆောင်အသင်းသားအဖြစ် ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ချီးမြှင့်သတ်မှတ်ပေးနိုင်ခွင့်ရှိသည်။

**(ဈ) ဂုဏ်ထူးဆောင်အကြီးတန်းအသင်းသား (Honorary Fellow)**

ဤအသင်းချုပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ကူညီပံ့ပိုးပေးသောပုဂ္ဂိုလ်များ အဖွဲ့အစည်းများကို ဂုဏ်ထူးဆောင်အကြီးတန်းအသင်းသားအဖြစ် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ချီးမြှင့်သတ်မှတ်ပေးနိုင်ခွင့်ရှိသည်။

**(ည) ထင်ရှားကျော်ကြားသော ဂုဏ်ထူးဆောင်အကြီးတန်းအသင်းသား (Distinguished Honorary Fellow)**

ဤအသင်းချုပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ကူညီပံ့ပိုးပေးသောပုဂ္ဂိုလ်များ အဖွဲ့အစည်းများကို ဂုဏ်ထူးဆောင်အကြီးတန်းအသင်းသား Honorary Fellow ရရှိပြီးသူများဖြစ်ပါက ထင်ရှားကျော်ကြားသော ဂုဏ်ထူးဆောင်အကြီးတန်းအသင်းသား (Distinguished Honorary Fellow) အဖြစ် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ချီးမြှင့်သတ်မှတ်ပေးနိုင်ခွင့်ရှိသည်။

**(ဋ) အထင်ကရ ဂုဏ်ထူးဆောင်နာယက ( Distinguished Honorary Patron)**

ဤအသင်းချုပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပေးသော နိုင်ငံတော်အကြီးအကဲများအား အထင်ကရ ဂုဏ်ထူးဆောင်နာယက ( Distinguished Honorary Patron)အဖြစ် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ချီးမြှင့်သတ်မှတ်ပေးနိုင်ခွင့်ရှိသည်။

**(ဌ) ကုမ္ပဏီအသင်းသား ( Corporate Member)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ လုပ်ငန်းများကို စိတ်ပါဝင်စားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လိုသော မှတ်ပုံတင်ထားပြီး ကုမ္ပဏီများ အနေဖြင့် ကုမ္ပဏီအသင်းသား (Corporate Member) အဖြစ် လျှောက်ထားခွင့်ရှိသည်။

**(ဍ) နိုင်ငံခြားကုမ္ပဏီအသင်းသား (Foreign Corporate Member)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ လုပ်ငန်းများကို စိတ်ပါဝင်စားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လိုသော နိုင်ငံခြားကုမ္ပဏီနှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် နိုင်ငံခြား ကုမ္ပဏီများအနေဖြင့် နိုင်ငံခြား ကုမ္ပဏီအသင်းသား (Foreign Corporate Member) အဖြစ် လျှောက်ထားခွင့်ရှိသည်။

**၅။ အသင်းသားအဖြစ်အတည်ပြုခြင်း**

အထက်အပိုဒ် ၄ အရ တင်သွင်းလာသော အသင်းဝင်အဆိုပြုလွှာများကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် အထွေထွေ အတွင်းရေးမှူးချုပ်က လက်ခံပြီး အသင်းမှတာဝန်ပေးအပ်သော အသင်းသားလျှောက်လွှာစိစစ်ရေးအဖွဲ့က စုံစမ်းစိစစ်ပြီး ထောက်ခံပါက အနီးကပ်ဆုံး ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးသို့တင်ပြ၍ အောက်ဖော်ပြပါအရည်အချင်း ပြည့်မီသူများကို အသင်းသားအဖြစ် အတည်ပြုရမည်-

(က) အသင်းသားအဖြစ်လက်ခံရန် အတည်ပြုခြင်းခံရသူသည် သတ်မှတ်ထားသော ဝင်ကြေးနှင့် နှစ်စဉ်ကြေးများကို

ပေးသွင်းရမည်။

(ခ) သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်နှင့် ပျက်ကွက်ပါက အသင်းချုပ်မှ အရေးယူဆုံးဖြတ်ခြင်းကို နာခံပါမည်ဟု ဝန်ခံကတိပြုသူ ဖြစ်ရမည်။

(ဂ) အသင်းချုပ်က အခါအားလျော်စွာပေးအပ်သော တာဝန်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကျေပွန်စွာ ထမ်းဆောင်ပါမည်ဟု ကတိပြုသူဖြစ်ရမည်။

## ၆။ အသင်းအသိအမှတ်ပြုလက်မှတ်/ကတ်

အသင်းဝင်ခွင့်ရသောသူအား အသင်းသားကတ် ထုတ်ပေးရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဥက္ကဋ္ဌနှင့် အထွေထွေ အတွင်းရေးမှူးချုပ်တို့က လက်မှတ်ရေးထိုး၍ ဗဟိုကော်မတီကပြဋ္ဌာန်းထားသည့် အသင်းသားမှတ်ပုံတင်ကတ်တွင် သက်ဆိုင်ရာ အသင်းသား၏အဆင့် ထိုးမြလက်မှတ်နှင့် ဓါတ်ပုံပါရှိစေရမည်။ အသင်းသား အသိအမှတ်ပြုလက်မှတ်အား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဗဟိုကော်မတီ၏ သတ်မှတ်ချက်များအရ ထုတ်ပေးနိုင်သည်။

## ၇။ သတ်မှတ်ချက်နှင့်မညီညွတ်သောအဆိုပြုလွှာ

သတ်မှတ်ချက်နှင့်မညီညွတ်သော လျှောက်လွှာရှင်များသည် သတ်မှတ်ချက်ပြည့်မီသည့်အခါတွင် အသင်းဝင်ခွင့်ရရှိရန် အတွက် ပြန်လည်လျှောက်ထားနိုင်ခွင့်ရှိသည်။

## ၈။ အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေး

အသင်းသားအဖြစ်လက်ခံရန် အတည်ပြုခြင်းခံရသူသည် အောက်ပါသတ်မှတ်ထားသော အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးကို ပေးဆောင်ရမည်-

**အသင်းဝင်ကြေး / နှစ်စဉ်ကြေး**

| ***အသင်းသားအဆင့်*** | ***ဝင်ကြေး*** (ကျပ်) | ***နှစ်စဉ်ကြေး*** (ကျပ်) |
|---|---|---|
| ကျောင်းသားအသင်းသား (Student) | ၁၅၀၀ | ၁၅၀၀ |
| အရန်အသင်းသား (Affiliate) | ၅၀၀၀ | ၄၀၀၀ |
| အငယ်တန်းအသင်းသား (Junior) | ၅၀၀၀ | ၄၀၀၀ |
| တွဲဖက်အသင်းသား (Associate) | ၁၀၀၀၀ | ၇၀၀၀ |
| အသင်းသား (Member) | ၁၀၀၀၀ | ၁၀၀၀၀ |
| အကြီးတန်းအသင်းသား (Fellow) | - | ၁၃၀၀၀ |
| ရာသက်ပန်အသင်းသား | မကောက်ခံပါ | မကောက်ခံပါ |
| ဂုဏ်ထူးဆောင်အသင်းသား | မကောက်ခံပါ | မကောက်ခံပါ |
| ကုမ္ပဏီအသင်းသား | ၅၀၀၀၀၀ | ၁၀၀၀၀၀ |
| နိုင်ငံခြားသားအသင်းသား | US $ 50 | US $ 50 |
| နိုင်ငံခြားကုမ္ပဏီအသင်းသား | US $ 500 | US $ 100 |

သို့သော် အသင်းချုပ်၏ အသင်းဝင်ကြေး နှစ်စဉ်ကြေးတို့ကို အခါအားလျော်စွာ ဗဟိုကော်မတီက ပြင်ဆင်သတ်မှတ်နိုင်ပါသည်။

## ၉။ အသင်းချုပ်၏နာယကများ

အသင်းချုပ်၏ ဗဟိုကော်မတီသည် အသင်းချုပ်နာယကအဖွဲ့တွင် ပါဝင်ရန် သင့်လျော်သော (၃)ဦးထက် မနည်းသော ပုဂ္ဂိုလ်များကို ရွေးချယ်လျာထားပြီးလျှင် သက်ဆိုင်ရာ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့၏ သဘောတူညီချက်ကို ညှိနှိုင်းရယူ၍ ဖွဲ့စည်းရမည်။

## ၁၀။ အသင်းချုပ်၏အကြံပေးအဖွဲ့

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ တိုးတက်ရေးကိစ္စများကို အကြံပေးခြင်း၊ ညှိနှိုင်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဗဟိုကော်မတီသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ အကြံပေးအဖွဲ့ကို သင့်တော်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

## ၁၁။ အသင်းချုပ်၏အထိမ်းအမှတ်တံဆိပ် (Logo)

အသင်းချုပ်၏ အထိမ်းအမှတ်တံဆိပ်ကို ဗဟိုကော်မတီက သတ်မှတ်နိုင်သည်။ အနီးဆုံး နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် တင်ပြပြီး အတည်ပြုချက်ရယူရမည်။

အသင်းချုပ်၏ Logo မှာအောက်ပါအတိုင်းဖြစ်၍ ယင်းအချိုးအစားအတိုင်း အသုံးပြုနိုင်သည်-

Logo

## ၁၂။ အသင်းချုပ်၏ရုံးတံဆိပ်

အသင်းချုပ်၏ရုံးတံဆိပ်တုံးကို ဗဟိုကော်မတီက သတ်မှတ်ပေးထားသည့် တာဝန်ရှိသူမှအပ မည်သူမျှ အသုံးပြုခြင်း မရှိစေရ။ သတ်မှတ်ပေးထားသည့် တာဝန်ရှိသူသည် အသင်းချုပ်ကိစ္စမှတစ်ပါး အခြားသုံးစွဲခြင်းမရှိစေရ။

အသင်းချုပ်၏ ရုံးတံဆိပ်မှာအောက်ပါအတိုင်းဖြစ် ယင်းအချိုးအစားအတိုင်းအသုံးပြုနိုင်သည်-

ရုံးတံဆိပ်

## ၁၃။ အသင်းချုပ်၏အလံ

အသင်းချုပ်၏ အလံမှာအောက်ပါအတိုင်းဖြစ်၍ ယင်းအချိုးအစားအတိုင်း အသုံးပြုနိုင်သည်-

အလံ

# အခန်း (၃)
# အသင်းသားများ၏ တာဝန်ဝတ္တရားများနှင့် အကျိုးခံစားခွင့်များ

## ၁၄။ တာဝန်ဝတ္တရားများ

(က) အသင်းသားများသည် နှစ်စဉ်ကြေးကို သတ်မှတ်ထားသည့်ကာလအတွင်း ပေးသွင်းရမည်။

(ခ) အသင်းချုပ်မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို အစဉ်လိုက်နာရမည်။

(ဂ) အသင်းချုပ်က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရမည်။

(ဃ) အသင်းချုပ်၏အကျိုးကျေးဇူးကို ထိခိုက်စေမည့် သင်းကွဲဂိုဏ်းကွဲ ထူထောင်ခြင်းမပြုလုပ်ရ။

(င) ဗဟိုကော်မတီဝင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များသည် (မိမိကိုယ်ရေးကိုယ်တာကိစ္စမှအပ) အသင်းချုပ်၏ ကိစ္စများတွင် လျှို့ဝှက်မထားရ။

**၁၅။ အကျိုးခံစားခွင့်များ**

(က) အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်များ တိုးတက်စေရန် ပြည်တွင်းပြည်ပ ပညာရှင်များအား အခါအားလျော်စွာ ဖိတ်ခေါ်၍ အထောက်အကူပြု နည်းပညာရပ်များဆိုင်ရာနှီးနှောပွဲများ ညှိနှိုင်းပွဲများနှင့် သင်တန်းဖွင့်လှစ်သင်ကြားခွင့် ရရှိမည်။

(ခ) အခါအားလျော်စွာအင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်များဆိုင်ရာ သတင်းများ၊ စက်မှုလက်မှုနည်းပညာစနစ်များ စသည့် ဗဟုသုတများကို သိခွင့်ရကြမည်။

(ဂ) သက်ဆိုင်ရာ ဗဟိုကော်မတီ၏ တာဝန်ပေးချက်အရ ပညာရပ်အသင်းခွဲများတွင် လည်းကောင်း၊ ရေးရာကော်မတီများ တွင် လည်းကောင်း ပါဝင်ဆောင်ရွက်ခွင့် ရှိသည်။

(ဃ) အသင်းချုပ်နာယက၊ ဂုဏ်ထူးဆောင်အသင်းသား၊ ကုမ္ပဏီအသင်းသားကိုယ်စားလှယ်၊ အငယ်တန်းအသင်းသား၊ ကျောင်းသားအသင်းသား ၊ အရန်အသင်းသား များသည် အသင်းသားစုံညီ ညီလာခံတွင် တက်ရောက်ဆွေးနွေး နိုင်ခွင့်ရှိသည်။ သို့သော် မဲပေးနိုင်ခွင့် မရှိစေရ။ ထို့အတူ ဗဟိုကော်မတီ အစည်းအဝေးများသို့လည်း ဥက္ကဋ္ဌ၏ ဖိတ်ခေါ်ချက်အရ တက်ရောက် ဆွေးနွေးနိုင်ခွင့်ရှိသည်။ သို့သော် မဲပေးနိုင်ခွင့် မရှိစေရ။ တွဲဖက်အသင်းသား (Associate Member) နှင့် အသင်းသား (Member) ၊ အကြီးတန်းအသင်းသား (Fellow) များသည်သာ အသင်းသားစုံညီ ညီလာခံတွင် မဲဆန္ဒပေးခွင့်ရှိသည်။

(င) တွဲဖက်အသင်းသားသည် ၎င်းအမည်နောက်တွင် (A.M.Fed. MES) ကို လည်းကောင်း၊ အသင်းသားသည် ၎င်းအမည် နောက်တွင် (M.Fed.MES) ကိုလည်းကောင်း၊ အကြီးတန်းအသင်းသားသည် ၎င်းအမည်နောက်တွင် (F.Fed.MES)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်အသင်းသားသည် ၎င်းအမည်နောက်တွင် (Hon.M.Fed.MES) ကို လည်းကောင်း၊ ဂုဏ်ထူးဆောင်အကြီးတန်း အသင်းသားသည် ၎င်းအမည်နောက်တွင် (Hon. Fellow Fed.MES) ကို လည်းကောင်း၊ ထင်ရှားကျော်ကြားသော ဂုဏ်ထူးဆောင်အကြီးတန်းအသင်းသားသည် ၎င်း၏ အမည်နောက်တွင် (Dist.Hon.Fellow Fed. MES)ကိုလည်းကောင်းတရားဝင်ရေးသားသုံးစွဲခွင့်ရှိရမည်။

## အခန်း (၄)
## အသင်းသားများနှုတ်ထွက်ခြင်းနှင့်အရေးယူခံရခြင်းများ

**၁၆။ အသင်းဝင်အဖြစ်မှနှုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ရပ်စဲခြင်းနှင့် အယူခံဝင်ခြင်း**

အသင်းသားများ နှုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ရပ်စဲခြင်း၊ အယူခံဝင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရမည်–

**(က) နှုတ်ထွက်ခြင်း**

မည်သည့်အသင်းသားမဆို အသင်းချုပ်မှနှုတ်ထွက်လိုလျှင် အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ မိမိနှုတ်ထွက်လိုကြောင်းစာဖြင့် (တစ်လ) ကြိုတင်အကြောင်းကြားလျက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အဆုံးအဖြတ်ဖြင့် နှုတ်ထွက်နိုင်သည်။ ထိုသူသည် နှုတ်ထွက်ရန်အကြောင်းကြားရက် ကုန်သောအခါ အသင်းသားအဖြစ်မှ

နှုတ်ထွက်ပြီး ဖြစ်သည်။ မိမိ ကြိုတင်ပေးဆောင်ထားသောငွေကြေး တစ်စုံတစ်ရာကို ပြန်လည်တောင်းဆိုခွင့် မရှိစေရ။ အသင်းချုပ်သို့ ပေးရန် တာဝန်များကို အကျေအလည်ပေးဆောင်ပြီးဖြစ်ရမည်။

**(ခ) ထုတ်ပယ်ခြင်း**

အသင်းသားတစ်ဦးအား အကြောင်းတစ်ခုခုကြောင့် အသင်းသားအဖြစ် ဆက်လက်ထားရှိနေခြင်းကို မလိုအပ်ဟု ဗဟိုအလုပ်အမှုဆောင်ကော်မတီက ဆုံးဖြတ်ပါက ဗဟိုကော်မတီအစည်းအဝေးသို့ ထိုအသင်းသား ကို ထုတ်ပယ်ရန် ထောက်ခံအကြံပေးနိုင်သည်။ ထိုထောက်ခံချက်ကို ဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက်သော အသင်းသား(၄) ပုံ (၃) ပုံ၏ လျှို့ဝှက်သောမဲဖြင့် ဆုံးဖြတ်စေရမည်။

**(ဂ) ရပ်စဲခြင်း**

အသင်းသားအဖြစ်မှ အလိုအလျောက်ရပ်စဲခြင်းသည် အောက်ဖော်ပြပါအပိုဒ်ငယ် (၁)မှ (၃)အထိနှင့် သက်ဆိုင်သည်။ ကျန်အပိုဒ်ငယ် (၄)မှ (၁၁)အထိသည် ဗဟိုကော်မတီ၏ ချမှတ်ထားသောမူဖြစ်၍ ၎င်းတို့နှင့် ပတ်သက်၍ ထိုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်–

(၁) သေဆုံးသောအခါ

(၂) နိုင်ငံတော်အစိုးရအား ပုန်ကန်ခြားနားသောအခါ

(၃) သာသနာ့ဘောင်သို့ ထာဝစဉ်ဝင်ရောက်သွားသောအခါ

(၄) ရူးသွပ်ရောဂါ စွဲကပ်သွားသောအခါ

(၅) ကိုယ်အရေပြားရောဂါ စွဲကပ်သွားသောအခါ

(၆) အကျင့်စာရိတ္တ ထိခိုက်စေမည့် ရာဇဝတ်မှု ကျူးလွန်ကြောင်း ထင်ရှားစီရင်ခြင်းခံရသောအခါ

(၇) အသင်းချုပ်၏လုပ်ငန်းစဉ်နှင့် ရည်ရွယ်ချက်ကို ဆန့်ကျင်လျက် အသင်းချုပ်၏ အကျိုးစီးပွားကို ထိခိုက်အောင်ပြုမူ ဆောင်ရွက်သောအခါ

(၈) နှစ်စဉ်ကြေးကို ဇန်နဝါရီလမှ (၃)လကျော်လွန်သည့်တိုင်အောင် ပေးသွင်းမှုမရှိပါက သက်ဆိုင်ရာ အသင်းများမှ တစ်ဆင့် စာရေးအကြောင်းကြား တောင်းဆိုမည်။ ဤသို့ တောင်းဆိုသော်လည်း (၂)လအတွင်း ပေးချေမှု မရှိခဲ့သောအခါ ဗဟိုကော်မတီ ဆုံးဖြတ်ချက်အရ အရေးယူဆောင်ရွက်ရန်။

(၉) နိုင်ငံရေးပါတီတစ်ခုခုတွင် ပါဝင်၍ တာဝန်များကို ထမ်းဆောင်သောအခါ

(၁၀) ပုဂ္ဂိုလ်တစ်ဦးသည် မိမိမူလပါဝင်သည့်အဖွဲ့အစည်း၏ ကိုယ်စားလှယ်အဖြစ်ရွေးချယ်စေလွှတ်ခြင်းမှ ရုပ်သိမ်းခံရသောအခါ

(၁၁) ဤအသင်းချုပ်ကို ဝင်ထားသော အခြားအသင်းသားအဖွဲ့အစည်း (Member Organization) အနေဖြင့် တည်ဆဲဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်း ခံရသောအခါ

**၁၇။ အယူခံနိုင်ခွင့်**

အသင်းသားအဖြစ်မှ ရပ်စဲခြင်းခံရသူများသည် ကျေနပ်မှု မရှိပါက အနီးကပ်ဆုံးပြုလုပ်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဗဟိုကော်မတီအစည်းအဝေးသို့ အယူခံဝင်နိုင်ခွင့်ရှိသည်။ ထိုအစည်းအဝေး ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

## အခန်း (၅)
## အသင်းဖွဲ့စည်းတည်ဆောက်ပုံ

**၁၈။ ဗဟိုကော်မတီဝင်များနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ရွေးချယ်ခြင်း**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ ပညာရပ်ဆိုင်ရာ၊ ဒေသဆိုင်ရာ အသင်းခွဲများနှင့် ဝန်ထမ်းများအား ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ရန်၊ ဗဟိုကော်မတီဝင်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအား

နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံသို့ တက်ရောက်လာသော တွဲဖက်အသင်းသား ၊ အသင်းသားနှင့် အကြီးတန်း အသင်းသားများ၏ ဆန္ဒဖြင့် အောက်ပါအတိုင်း ရွေးချယ်ရမည်-

(က) အသင်းချုပ်၏အသင်းသားစုံညီ ညီလာခံက မဲဆန္ဒဖြင့် ဗဟိုကော်မတီ (၁၀၀)ဦးကိုရွေးချယ်ရမည်။

(ခ) ထို (၁၀၀)ဦးက ဗဟိုအလုပ်အမှုဆောင် (၄၈)ဦးကို အချင်းချင်းထဲမှ ရွေးချယ်ရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင် (၄၈)ဦးက လက်ရှိဥက္ကဋ္ဌ မတိုင်မီ ဥက္ကဋ္ဌနှင့် ယခင်ဆောင်ရွက်ခဲ့ပြီး ဥက္ကဋ္ဌ (၂)ဦးအထိ စုစုပေါင်း (၃)ဦးကို ဗဟိုအလုပ်အမှုဆောင်အဖြစ် ထပ်မံရွေးချယ်ခန့်ထားရမည်။ သို့ဖြစ်၍ ဗဟိုကော်မတီ (၁၀၃)ဦးနှင့် ဗဟိုအလုပ်အမှုဆောင် (၅၁)ဦးအထိ ပါဝင်ဖွဲ့စည်းရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်များက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ရွေးချယ်တင်မြှောက်ရမည်-

| | | |
|---|---|---|
| (၁) | ဥက္ကဋ္ဌ | ၁ ဦး |
| (၂) | ဒုတိယဥက္ကဋ္ဌ | ၈ ဦး |
| (၃) | အထွေထွေအတွင်းရေးမှူးချုပ် | ၁ ဦး |
| (၄) | တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ် | ၈ ဦး |
| (၅) | ဘဏ္ဍာရေးမှူး | ၁ ဦး |
| (၆) | တွဲဖက်ဘဏ္ဍာရေးမှူး | ၁ ဦး |
| (၇) | အကျိုးဆောင်စာရင်းစစ် | ၁ ဦး |
| (၈) | တွဲဖက်အကျိုးဆောင်စာရင်းစစ် | ၁ ဦး |
| (၉) | ပြန်ကြားရေးမှူး | ၁ ဦး |
| (၁၀) | တွဲဖက်ပြန်ကြားရေးမှူး | ၁ ဦး |
| | စုစုပေါင်း | ၂၄ ဦး |

(င) သို့ဖြစ်ပါ၍ ရွေးချယ်ခန့်ထားသည့် ပုဂ္ဂိုလ်(၃)ဦး အပါအဝင် ဗဟိုအလုပ်အမှုဆောင်များ ပါဝင်သည့် အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဥက္ကဋ္ဌ | ၁ ဦး |
| (၂) | လက်ရှိဥက္ကဋ္ဌမတိုင်မီ ဥက္ကဋ္ဌနှင့် ယခင်ဆောင်ရွက်ခဲ့ပြီး ဥက္ကဋ္ဌ (၂)ဦး (Immediate Past President and Past President) | ၃ ဦး |
| (၃) | ဒုတိယဥက္ကဋ္ဌ | ၈ ဦး |
| (၄) | အထွေထွေအတွင်းရေးမှူးချုပ် | ၁ ဦး |
| (၅) | တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ် | ၈ ဦး |
| (၆) | ဘဏ္ဍာရေးမှူး | ၁ ဦး |

| | | |
|---|---|---|
| (၇) | တွဲဖက်ဘဏ္ဍာရေးမှူး | ၁ ဦး |
| (၈) | အကျိုးဆောင်စာရင်းစစ် | ၁ ဦး |
| (၉) | တွဲဖက်အကျိုးဆောင်စာရင်းစစ် | ၁ ဦး |
| (၁၀) | ပြန်ကြားရေးမှူး | ၁ ဦး |
| (၁၁) | တွဲဖက်ပြန်ကြားရေးမှူး | ၁ ဦး |
| | စုစုပေါင်း | ၂၇ ဦး |

## ၁၉။ ဗဟိုကော်မတီဝင်ရွေးချယ်ရေးအခြေခံမူများ

(က) ဗဟိုကော်မတီဝင်/ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ရွေးချယ်ရာတွင် လုပ်ငန်းနှင့် ဆက်သွယ်သည့် ဝန်ကြီးဌာနမှကိုယ်စားလှယ်များအား ပါဝင်ဖွဲ့စည်းသင့်သည်ဟု ထင်မြင်ယူဆလျှင်ရွေးချယ်ခန့်ထားနိုင်ခွင့်ရှိသည်။

(ခ) ဗဟိုကော်မတီဝင်/ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအဖြစ် အဓိကပညာရပ်အသီးသီးမှ ကိုယ်စားလှယ် အနည်းဆုံး တစ်ဦးစီကို သတ်မှတ်ရွေးချယ်ရမည်။

(ဂ) အကယ်၍ အဓိကပညာရပ်တစ်ခုခုမှ ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်နိုင်ခြင်းမရှိပါက ဗဟိုကော်မတီ ဥက္ကဋ္ဌက အဆိုပါ ပညာရပ်နှင့်ပတ်သက်သော ပုဂ္ဂိုလ်တစ်ဦးဦးအား ရွေးချယ်သတ်မှတ်၍ ဗဟိုကော်မတီတွင် အထူးအဖွဲ့ဝင် အဖြစ် တိုးချဲ့ခန့်ထားနိုင်သည်။ ထိုအထူးအဖွဲ့ဝင်သည် ဗဟိုကော်မတီ အစည်းအဝေးများ၌ ပါဝင်ဆွေးနွေးတင်ပြခွင့် ရှိသော်လည်း မဲပေးပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် မရှိစေရ။ (အဓိကပညာရပ်ဆိုသည်မှာ မြန်မာနိုင်ငံ၏ နိုင်ငံတော်အစိုးရ အသိအမှတ်ပြု ပြည်တွင်း၊ ပြည်ပမှ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာများ ပေးနေသော အင်ဂျင်နီယာပညာရပ်များကို ဆိုလိုပါသည်။)

(ဃ) ခက်ဖြာအဖွဲ့အစည်းအသင်းများမှ ဥက္ကဋ္ဌက တာဝန်ပေးအပ်သော ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် (၂)ဦးကို အသင်းချုပ်၏ ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ် တိုးချဲ့ဖွဲ့စည်းရမည်၊ ထိုဗဟိုကော်မတီဝင်သည် အသင်းချုပ်၏ ဗဟိုကော်မတီ အစည်းအဝေးများ၌ ပါဝင်ဆွေးနွေးတင်ပြခွင့်နှင့် မဲဆန္ဒပေးပိုင်ခွင့် ရှိသော်လည်း အသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အဖြစ် ရွေးချယ်ပိုင်ခွင့်မရှိစေရ။

## ၂၀။ အသင်းများ/အသင်းခွဲများဖွင့်လှစ်ခြင်း

(က) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ပြည်ပနိုင်ငံများတွင် အသင်းများ/အသင်းခွဲများ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

(ခ) ပြည်နယ်/တိုင်းဒေသကြီး ၊ ခရိုင်၊ မြို့နယ်နှင့် ပြည်ပနိုင်ငံ အသင်းများ/အသင်းခွဲများ၏ အလုပ်အမှုဆောင်ကော်မတီ ဖွဲ့စည်းပေးရန် အကြောင်းပေါ်ပေါက်လျှင် ဗဟိုအလုပ်အမှုဆောင်ကော်မတီက ကြီးကြပ်ကွပ်ကဲ ဖွဲ့စည်းပေးရမည်။

(ဂ) ပြည်ပအင်ဂျင်နီယာအသင်းများ ဖွဲ့စည်းရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်း စာမျက်နှာ (၁) အပိုဒ် (၃)ပါ ရည်ရွယ်ချက်များနှင့်မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ ပြည်ပအင်ဂျင်နီယာအသင်း တည်ရှိရာ နိုင်ငံ၏တည်ဆဲဥပဒေနှင့် လိုက်လျောညီထွေစွာ ဖွဲ့စည်းပေးရမည်။

(ဃ) ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ပြည်ပနိုင်ငံအသင်းများ၏ လုပ်ငန်းများလုပ်ဆောင်ရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်း ရည်ရွယ်ချက်များနှင့် မဆန့်ကျင်စေဘဲ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(င) အသင်းချုပ် ရည်ရွယ်ချက်(ဈ)အရ ပညာရပ်အသင်းများ၊ အသင်းခွဲများဖွဲ့စည်းရန် လိုအပ်လာလျှင် အသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီက ကြီးကြပ်ကွပ်ကဲ ဖွဲ့စည်းပေးရမည်။

(စ) သက်ဆိုင်ရာတွင် တရားဝင်မှတ်ပုံတင်ထားသော သီးခြားပညာရပ် အသင်းများ၊ အသင်းခွဲများမှ အသင်းချုပ်သို့ ပါဝင်နိုင်ရန်အတွက် အသင်းချုပ် ဗဟိုကော်မတီ သဘောတူညီချက်ဖြင့်အသင်းချုပ်သည် ပင်မဦးဆောင် အဖွဲ့အစည်း(Umbrella Organization) အဖြစ် ပါဝင်ဆောင်ရွက်နိုင်ပါသည်။

(ဆ) အသင်းချုပ်သည် သီးခြားအင်ဂျင်နီယာဘာသာရပ်အသင်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အင်ဂျင်နီယာ အသင်းများအား ဖွဲ့စည်းမှတ်ပုံတင်ရေးအတွက် လိုအပ်သောထောက်ခံချက်များ ထုတ်ပေးရမည် ၊ ခက်ဖြာအဖွဲ့အစည်းအသင်းများကို အသင်းချုပ်၏တူညီသော ရည်မှန်းချက်များဖြင့် ထာဝရညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်း၊ စည်းကမ်းများ ကို အသင်းချုပ်က ထုတ်ပြန်ပေး ရမည်။

(ဇ) အသင်းချုပ်သည် ပြည်နယ်နှင့်တိုင်းဒေသကြီး အင်ဂျင်နီယာအသင်းများရှိ အသင်းသားများစာရင်းကို စုစည်းထိမ်းသိမ်းထားရမည်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အင်ဂျင်နီယာအသင်းများမှ စိစစ်တင်ပြလာသော အကြီးတန်း အသင်းသား – (Fellow)၊ ရာသက်ပန်အသင်းသား–(Life Member) ၊ ဂုဏ်ထူးဆောင်အသင်းသား (Honorary Member)၊ ဂုဏ်ထူးဆောင်အကြီးတန်းအသင်းသား – (Honrary Fellow)၊ ထင်ရှားကျော်ကြားသော ဂုဏ်ထူးဆောင်အကြီးတန်းအသင်းသား – (Distinguished Honrary Fellow)၊ ကုမ္ပဏီအသင်းသား– (Corporate Member)၊ နိုင်ငံခြား ကုမ္ပဏီ အသင်းသား – (Foreign Corporate Member) များတို့ကို စိစစ်အတည်ပြုသတ်မှတ်ပေးရမည်။

## ၂၁။ ပညာရပ်/ရေးရာကော်မတီများ

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ရန် ပညာရပ်/ ရေးရာ ကော်မတီများကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက တာဝန်ယူဖွဲ့စည်းနိုင်သည်။ အဆိုပါကော်မတီများတွင် ဗဟိုကော်မတီဝင်များ၊ ပြင်ပအခြား ကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ ပါဝင်ဖွဲ့စည်းနိုင်သည်။

(ခ) အသင်းချုပ်၏ဦးဆောင်မှုအောက်တွင် နှီးစပ်စွာဆောင်ရွက်နေသော ပညာရပ်များကို စုပေါင်းဖွဲ့စည်းပေးခြင်းကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက တာဝန်ယူဆောင်ရွက်ပေးရမည်။

## ၂၂။ ဗဟိုကော်မတီ / ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ဗဟိုကော်မတီကို အသင်းသားစုံညီညီလာခံမှ ရွေးချယ်ထားသူများဖြင့် ဖွဲ့စည်းသည်။ အကယ်၍ သတ်မှတ်သည့် ဦးရေပြည့်မီခြင်းမရှိခဲ့သော် လိုအပ်သောဦးရေကို အသင်းဝင်များထဲမှ အများဆန္ဒဖြင့် ဖြည့်၍ဖွဲ့စည်းရမည်။ ဗဟိုကော်မတီဝင်ဦးရေနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဦးရေ အတိုးအလျှော့ကို အသင်းသားစုံညီ ညီလာခံမှ ဆုံးဖြတ်ရမည်။

## ၂၃။ ဝန်ထမ်းများခန့်အပ်ခြင်း

(က) အသင်းချုပ်တွင် ရုံးလုပ်ငန်းများ၊ စီမံခန့်ခွဲရေးအတွက် ဝန်ထမ်းများထားရှိပြီး အသင်းများတွင်လည်း လိုအပ်လျှင် ဝန်ထမ်းများ ထားရှိနိုင်သည်။

(ခ) ရုံးအဖွဲ့ကို အသင်းချုပ်၏ စီမံခန့်ခွဲရေးကော်မတီ (Management Committee) ဖွဲ့စည်း၍ ယင်းကော်မတီမှ ကြီးကြပ်ကွပ်ကဲရမည်။

**၂၄။ အကျိုးဆောင်စာရင်းစစ်**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ရသုံးငွေစာရင်းများကို ပုံမှန်စစ်ဆေးရန်အတွက် အကျိုးဆောင်စာရင်းစစ် (Internal Audit )ကို ဖွဲ့စည်းတာဝန် ပေးနိုင်သည်။

## အခန်း (၆)
## ဗဟိုကော်မတီဝင်များ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**၂၅။ ဗဟိုကော်မတီဝင်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏ အရည်အချင်း**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဗဟိုကော်မတီဝင်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီများ၏ အရည်အချင်းများသည် အောက်ပါအတိုင်း ဖြစ်စေရမည်-

(က) အသင်းသားများ၏အကျိုးကို ရှေးရှုသူဖြစ်ရမည်။

(ခ) အသင်းသား (Member) ဖြစ်ပြီး နှစ်စဉ်ကြေးမှအစ ပေးရန်တာဝန်များကို အသင်းချုပ်သို့ ပေးသွင်းပြီးသူဖြစ်ရမည်။

(ဂ) ပညာရှင်ကျင့်ဝတ် (Professional Ethics) သိက္ခာ၊ သမာဓိနှင့် ပြည့်စုံသူ နိုင်ငံသားဖြစ်ရမည်။

(ဃ) နိုင်ငံရေးပါတီများတွင် ပါဝင်ဆောင်ရွက်ခြင်းမှ ကင်းရှင်းသူဖြစ်ရမည်။

(င) အသင်းသား (Member)အဖြစ် အနည်းဆုံး (၂)နှစ်ရှိသူ ဖြစ်ရမည်။

**၂၆။ ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အသင်းချုပ်မှချမှတ်ထားသော ခံစားခွင့်များကို အသင်းသားများ ရရှိနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) အသင်းချုပ်၏ရည်ရွယ်ချက်များ ထမြောက်အောင်မြင်ရေးအတွက် ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ဤသင်းဖွဲ့စည်းမျဉ်းပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်မှုရှိစေရန် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ဗဟိုကော်မတီကို တာဝန်ခံရမည်။

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ချမှတ်ပြဋ္ဌာန်းထားသော မူဝါဒများကို တိကျစွာလိုက်နာကျင့်သုံးစေလျက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားစာများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) အသင်းချုပ်၏ရည်ရွယ်ချက်များကိုအခြေခံလျက် သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာ၍ လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရမည်။

(င) အသင်းချုပ်၏ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ အသင်းချုပ်ရန်ပုံငွေထည့်ဝင်ခြင်း စသည့် ဘဏ္ဍာရေးကိစ္စအဝဝကို လိုအပ်သလို တာဝန်ခွဲဝေကြီးကြပ်ဆောင်ရွက်ရမည်။

(စ) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သက်တမ်းသည် (၂)နှစ်ဖြစ်၍ ယင်းသက်တမ်းကုန်ဆုံးသည့်အခါ ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီသစ် ရွေးချယ်တင်မြှောက် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရမည်။

(ဆ) အသင်းချုပ်၏ အသင်းသားစုံညီညီလာခံကို တာဝန်ခံရမည့်အပြင် ဗဟိုကော်မတီသက်တမ်း (၂)နှစ် ထမ်းဆောင်ပြီးဆုံးပါက ဗဟိုကော်မတီ အသစ်သို့ (၁၅) ရက်အတွင်း လုပ်ငန်းအဝဝကို စနစ်တကျ လွှဲပြောင်းပေးပြီးသည်အထိ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရမည်။

(ဇ) ပညာရပ်ဆိုင်ရာ အသင်းများ၊ ကော်မတီများ၊ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရေးဆွဲသတ်မှတ်ရမည်။

## ၂၇။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အင်ဂျင်နီယာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရပ်ဆိုင်ရာ အရည်အသွေးနှင့် အဆင့်အတန်း မြင့်မားလာစေရန်အတွက် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် လိုအပ်သလို တာဝန်ခွဲဝေကြီးကြပ် ဆောင်ရွက်ရန်။

(ခ) အသင်းချုပ်၏ရန်ပုံငွေ၊ ထည့်ဝင်ငွေ စသည့်ဘဏ္ဍာရေးကိစ္စအဝဝကို ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် လိုအပ်သလို တာဝန်ခွဲဝေ ကြီးကြပ်ဆောင်ရွက်ရန်။

(ဂ) အသင်းချုပ်၏ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များနှင့် စပ်လျဉ်းသည့်ကိစ္စအဝဝကို ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် လိုအပ်သလို တာဝန်ခွဲဝေကြီးကြပ်ဆောင်ရွက်ရန်။

(ဃ) အသင်းချုပ်၏သင်းဖွဲ့မှတ်တမ်းတွင် ဖော်ပြထားသောရည်ရွယ်ချက်ပါလုပ်ငန်းများ ချောမွေ့ပြေပြစ်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ကြီးကြပ်ဆောင်ရွက်ရန်။

(င) ဥက္ကဋ္ဌသည် အသင်းချုပ်၏ အသင်းသားစုံညီညီလာခံကို တစ်နှစ်တစ်ကြိမ်ကျင်းပ၍ အသင်းချုပ်၏ ဗဟိုကော်မတီဝင်နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ ရွေးချယ်တင်မြှောက်ခြင်းကို (၂)နှစ်လျှင် တစ်ကြိမ် ကျင်းပပြုလုပ်ပေးရမည်။

(စ) ဥက္ကဋ္ဌသည် ရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဝန်ထမ်းများလိုအပ်ပါက ဗဟိုအလုပ်အမှုဆောင် ကော်မတီနှင့် ညှိနှိုင်းခန့်ထားနိုင်သည်။

(ဆ) ဥက္ကဋ္ဌသည် အသင်းချုပ်လုပ်ငန်းနှင့်ပတ်သက်၍ တစ်ကြိမ်လျှင် ကျပ်(၁၀)သိန်းထက် မပိုသောငွေကို သုံးစွဲခွင့်ရှိသည်။

သို့ရာတွင် ဇဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးမတိုင်မီ (၃)ကြိမ်ထက်ပို၍ သုံးစွဲခြင်းမပြုရ။ ပိုမိုသုံးစွဲရန် လိုအပ်ပါက ဇဟိုအလုပ်အမှုဆောင်ကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရမည်။

(ဇ) ဥက္ကဋ္ဌသည် ဘဏ္ဍာရေးကော်မတီမှ နှစ်စဉ် သာမန်ထိန်းသိမ်းကုန်ကျမှုများ၊ အထူးဆောင်ရွက်ရန် ကုန်ကျမည့် ရသုံးငွေစာရင်းများကို အခါအားလျော်စွာ ရေးဆွဲတင်ပြခဲ့လျှင် ဇဟိုအလုပ်အမှုဆောင်ကော်မတီနှင့် ညှိနှိုင်း၍ ဘဏ္ဍာငွေ သုံးစွဲခွင့်ချမှတ်ပေးရမည်။

(ဈ) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် အသင်းများသို့ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ညှိနှိုင်းပေးခြင်းကို ဆောင်ရွက်ရမည်။

(ည) ဇဟိုကော်မတီဝင်နှင့် ဇဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ အကြောင်းအမျိုးမျိုးကြောင့် နှုတ်ထွက်ခွင့်များ တင်ပြခဲ့လျှင် လက်ခံနိုင်သည်။

(ဋ) ဇဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆောင်ရွက်ချက်များကို ဇဟိုကော်မတီသို့ (၃)လ တစ်ကြိမ် တင်ပြရမည်။

(ဌ) ဒုတိယဥက္ကဋ္ဌများသည် ဥက္ကဋ္ဌ၏တာဝန်များကိုခွဲဝေ၍ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ဥက္ကဋ္ဌမရှိလျှင် သင့်လျော်သည့် ဒုတိယဥက္ကဋ္ဌတစ်ဦးဦးက တာဝန်ယူထမ်းဆောင်ရမည်။ ၎င်းပြင် အသင်းသားစုံညီ ညီလာခံ ကျင်းပရေး ကော်မတီနှင့် ရွေးချယ်ရေးအဖွဲ့တို့တွင် ဦးဆောင်၍ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

## ၂၈။ လက်ရှိဥက္ကဋ္ဌမတိုင်မီ ဥက္ကဋ္ဌနှင့် ယခင်ဆောင်ရွက်ခဲ့ပြီးဥက္ကဋ္ဌများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ လက်ရှိဥက္ကဋ္ဌမတိုင်မီဥက္ကဋ္ဌနှင့် ယခင်ဆောင်ရွက်ခဲ့ပြီးဥက္ကဋ္ဌများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဇဟိုကော်မတီဥက္ကဋ္ဌအား အသင်းချုပ်၏ မူဝါဒရေးရာနှင့် လုပ်ငန်းကိစ္စများ ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးရန်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အင်ဂျင်နီယာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရပ်ဆိုင်ရာ အရည်အသွေးနှင့် အဆင့်အတန်းမြင့်မားလာစေရန် ဇဟိုအလုပ်အမှုဆောင်ကော်မတီဝင် များနှင့် လိုအပ်သလို တာဝန်ခွဲဝေ ကြီးကြပ်ဆောင်ရွက်ရန်။

(ဂ) အသင်းချုပ်၏ ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များနှင့် အသင်းချုပ်ရန်ပုံငွေထည့်ဝင်ခြင်း စသည့် ဘဏ္ဍာရေးကိစ္စ အဝဝကို ဇဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် လိုအပ်သလို တာဝန်ခွဲဝေကြီးကြပ်ဆောင်ရွက်ရန်။

(ဃ) အသင်းချုပ်၏သင်းဖွဲ့မှတ်တမ်းတွင် ဖော်ပြထားသော ရည်ရွယ်ချက်ပါလုပ်ငန်းများ ချောမောပြေပြစ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဇဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ကြီးကြပ် ဆောင်ရွက်ရန်။

(င) အင်ဂျင်နီယာပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇဟိုကော်မတီ၏ တာဝန်ပေးချက်ဖြင့် အထူးကော်မတီ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်ရန်။

(စ) ယခင်ဆောင်ရွက်ဆဲ လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ရန်။

(ဆ) ဇဟိုကော်မတီမှ အခါအားလျော်စွာ ချမှတ်တာဝန်ပေးသော လုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်ရန်။

**၂၉။ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကို တာဝန်ခံရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေး၊ ဗဟိုကော်မတီအစည်းအဝေးနှင့် အသင်းသားစုံညီ ညီလာခံ ကျင်းပရေးတို့တွင် အထွေထွေအတွင်းရေးမှူးချုပ်တာဝန်များ ထမ်းဆောင်ခြင်းနှင့် အထွေထွေ ဆောင်ရွက်ချက်များကို အစီရင်ခံစာ ပြုစု၍ တင်သွင်းရမည်။

(ဂ) အစည်းအဝေးများခေါ်ယူခြင်း၊ မှတ်တမ်းများပြုစုထားရှိခြင်း၊ ထုတ်ပြန်ခြင်း၊ ဆုံးဖြတ်ချက်အား အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရုံးလုပ်ငန်းနှင့် ဝန်ထမ်းများအား ကြီးကြပ်ကွပ်ကဲခြင်းများကို အရေးယူ ဆောင်ရွက်ရမည်။

(ဃ) အသင်းသားများကို စည်းရုံးခြင်း၊ အဆိုပြုလွှာများ လက်ခံခြင်း၊ စိစစ်ခြင်းများပြုလုပ်ရမည်။

(င) နိုင်ငံတော်အစိုးရ၏ အမိန့်ညွှန်ကြားချက်များကို ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးသို့ တင်ပြခြင်း၊ ပြန်လည် အစီရင်ခံခြင်းနှင့် ပညာရပ်ဆိုင်ရာအသင်းများကို လမ်းညွှန်ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(စ) စာရင်းအင်းများထိန်းသိမ်းရာ၌ လည်းကောင်း၊ အသင်းငွေများ ကောက်ခံထိန်းသိမ်း ထုတ်ပေးရာ၌ လည်းကောင်း အထွေထွေအတွင်းရေးမှူးချုပ်တွင် တွဲဖက်လက်မှတ်ရေးထိုးနိုင်ခွင့် အာဏာရှိရမည်။

(ဆ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ဆောင်ရွက်ချက်များကို ဗဟိုကော်မတီသို့ (၃)လတစ်ကြိမ် တင်ပြရမည်။

(ဇ) တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ်များသည် အထွေထွေအတွင်းရေးမှူးချုပ်အား တာဝန်ခံရမည်ဖြစ်ပြီး ၎င်း၏ဝတ္တရားများကို ခွဲဝေဆောင်ရွက်ရမည်။ အသင်းသားစုံညီ ညီလာခံတွင် အခမ်းအနားမှူး တာဝန်များကို ထမ်းဆောင်ရမည်။

**၃၀။ ဘဏ္ဍာရေးမှူးနှင့် တွဲဖက်ဘဏ္ဍာရေးမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဘဏ္ဍာရေးမှူးနှင့် တွဲဖက်ဘဏ္ဍာရေးမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဘဏ္ဍာရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူ၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဘဏ္ဍာရေးကိစ္စများ ကြီးကြပ်ရန်၊ ဘဏ္ဍာရေးကော်မတီကို အဖွဲ့ဝင် (၅)ဦးဖြင့်ဖွဲ့စည်းပြီး လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများ ရေးဆွဲလျက် ဗဟိုကော်မတီသို့ အတည်ပြုချက်ယူပြီး လိုက်နာဆောင်ရွက် ကြီးကြပ်ရမည်။

(ခ) အသင်းဝင်ကြေး၊ နှစ်စဉ်ကြေး၊ အလှူငွေနှင့် အခြားဝင်ငွေတို့ကောက်ခံရာ၌ လုပ်ငန်းစဉ်များ စီမံဆောင်ရွက်ရမည့် အပြင် နှစ်စဉ်သုံးစွဲရန် လျာထားသတ်မှတ်ထားသည့် ငွေစာရင်းခေါင်းစဉ်အတိုင်း လျော်ညီအောင်သုံးစွဲရန် တာဝန်ခံရမည်။ ငွေစာရင်းခေါင်းစဉ်တစ်ခုတွင် လျာထားချက်အတိုင်း မလုံလောက်ခဲ့လျှင် ဗဟိုအလုပ်အမှုဆောင် ကော်မတီသို့ တင်ပြတောင်းခံရမည်။

(ဂ) ဘဏ္ဍာရေးမှူးသည် လစဉ်ရသုံးငွေစာရင်း အသေးစိတ်တွက်ချက်ထားသည့်ငွေစာရင်းရှင်းတမ်းကို သဘောတူညီချက်ရရှိရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ တင်ပြရမည့်အပြင် အသင်းချုပ်ညီလာခံတွင်

ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြား၍ အတည်ပြုချက်ရယူရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သဘောတူညီချက်အရ ငွေတောင်းခံလွှာများကို စစ်ဆေး၍ ပေးသွင်းရမည့်အပြင် ရန်ပုံငွေများ စနစ်တကျထားရှိရမည်။ ဘဏ္ဍာရေးမှူးထံတွင် ငွေလက်ကျန် ငါးသိန်းကျပ်ထက်ပိုသောငွေကို သတ်မှတ်သည့်ဘဏ်တွင် သတ်မှတ်ပေးသည့်ကာလအတွင်း အပ်နှံရမည်။

(င) အသင်းချုပ်အတွက် အသုံးစရိတ်များကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက အတည်ပြုချက်ရယူပြီးမှ ထုတ်ပေးရမည်။

(စ) အသင်းချုပ်ကိစ္စအတွက် အထူးအရေးကြီးပါက ကျပ်တစ်သိန်းအထိကို ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၂) ဦး၏ ထောက်ခံချက်ဖြင့် ကြိုတင်ထုတ်ပေးခွင့် ရှိရမည်။

(ဆ) ဘဏ်၌ အပ်နှံထားသောငွေများကို ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးချုပ် (သို့) ဘဏ္ဍာရေးမှူးတို့အနက်မှ (၂)ဦး လက်မှတ်ရေးထိုးပြီးမှသာ ထုတ်ယူရမည်။

(ဇ) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ လုပ်ငန်းများတိုးတက်ရာတိုးတက်ကြောင်းဆောင်ရွက်ရန်အတွက် ငွေသုံးစွဲခွင့် သတ်မှတ်ချက်များကို ဘဏ္ဍာရေးကော်မတီမှ လိုအပ်သောစည်းမျဉ်းစည်းကမ်းများကို ပြုစု၍ ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲခွင့်ပြုနိုင်ရန် ဆောင်ရွက်ရမည်။

(ဈ) အသင်းချုပ်မှ ရရန်ကျန်ရှိသော ရပိုင်ခွင့်များနှင့်ပတ်သက်၍ အသင်းသား (သို့) သက်ဆိုင်သူများထံသို့ သတိပေးစာများ ပေးပို့ရမည့်အပြင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများ၌ လိုအပ်လျှင် တင်ပြရမည်။

(ည) မိမိတာဝန်များကို တရားဝင်လွှဲပြောင်း လက်ခံမည့်သူအား ရသုံးငွေအားလုံးတို့ကို ရှင်းလင်းတင်ပြရမည့်အပြင် စာရင်းဇယားများနှင့်တကွ လွှဲအပ်ရမည်။

(ဋ) တွဲဖက်ဘဏ္ဍာရေးမှူးသည် ဘဏ္ဍာရေးမှူးအား တာဝန်ခံရမည်ဖြစ်ပြီး ၎င်းဝတ္တရားများကို ခွဲဝေဆောင်ရွက်ရမည်။

**၃၁။ အကျိုးဆောင်စာရင်းစစ်နှင့် တွဲဖက်အကျိုးဆောင်စာရင်းစစ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ အကျိုးဆောင်စာရင်းစစ်နှင့် တွဲဖက်အကျိုးဆောင်စာရင်းစစ်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စာရင်းစစ်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အခြားပညာရပ်/ရေးရာကော်မတီတွင်လည်း ပါဝင်နိုင်သည်။

(ခ) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ရသုံးငွေစာရင်းများကို ပုံမှန်စစ်ဆေးနိုင်ရန်အတွက် အကျိုးဆောင် စာရင်းစစ် (Internal Audit) အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

(ဂ) စာရင်းများယွင်းမှုရှိပါက ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဘဏ္ဍာရေးမှူးတို့ထံ အချိန်မီ အကြောင်းကြားရမည်။

(ဃ) အသင်းချုပ် ရန်ပုံငွေနှင့် အသင်းချုပ်ပိုင်ပစ္စည်းများကို မည်သူမဆို အလွဲသုံးစားပြုခဲ့လျှင် အကျိုးဆောင်စာရင်းစစ်က ဥက္ကဋ္ဌအဖြစ် ပါဝင်သော စာရင်းစစ်အဖွဲ့မှ တာဝန်ယူ၍ တရားရုံးသို့ တရားစွဲဆိုရမည်။

(င) တွဲဖက်အကျိုးဆောင်စာရင်းစစ်သည် အကျိုးဆောင်စာရင်းစစ်ကို တာဝန်ခံရမည်ဖြစ်ပြီး ၎င်း၏တာဝန်ဝတ္တရားများကို ခွဲဝေဆောင်ရွက်ရမည်။

### ၃၂။ ပြန်ကြားရေးမှူးနှင့် တွဲဖက်ပြန်ကြားရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ပြန်ကြားရေးမှူးနှင့် တွဲဖက်ပြန်ကြားရေးမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူးချုပ်တို့ကို တာဝန်ခံရမည်။

(ခ) ပြန်ကြားရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူ၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ပြန်ကြားရေးနှင့် လူထု ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်။

(ဂ) ပြန်ကြားရေးကော်မတီကို သင့်တော်သောအဖွဲ့ဝင်များ အနည်းဆုံး (၃)ဦးမှ အများဆုံး (၅)ဦးပါဝင်စေ၍ ဗဟိုကော်မတီ၏ အတည်ပြုချက် ရယူဖွဲ့စည်းရမည်။

(ဃ) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ပြောရေးဆိုခွင့်ရအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရမည်။

(င) တွဲဖက်ပြန်ကြားရေးမှူးသည် ပြန်ကြားရေးမှူးကို တာဝန်ခံရမည်ဖြစ်ပြီး ၎င်း၏တာဝန် ဝတ္တရားများကို ခွဲဝေဆောင်ရွက်ရမည်။

## အခန်း (၇)
## ရွေးချယ်တင်မြှောက်ပုံ နည်းစနစ်များ

### ၃၃။ ရည်ရွယ်ချက်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ရွေးချယ်တင်မြှောက်ပုံ နည်းစနစ်၏ အခြေခံရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းပါ ရည်ရွယ်ချက်များအတိုင်း အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်များအား စစ်မှန်စွာ ကိုယ်စားပြုမည့်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ခြင်း။

(ခ) ရွေးချယ်တင်မြှောက်ရာတွင် အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များအားလုံး စည်းလုံးညီညွတ်စွာဖြင့် စိတ်အား ထက်သန်စွာ ပါဝင်ဆောင်ရွက်စေခြင်း။

(ဂ) အသင်းချုပ်၏ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အရည်အချင်းရှိသည့် အမှုဆောင်များကို ရွေးချယ်တင်မြှောက်ခြင်း။

### ၃၄။ အဆိုပြုလွှာတင်သွင်းခြင်းနှင့်ဆန္ဒမဲပေးခြင်း

အသင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားမှုမရှိစေခြင်းငှာ အရည်အချင်းပြည့်မီသော အရွေးခံလိုသည့်ကိုယ်စားလှယ်များသည် ရွေးကောက်ပွဲမတိုင်မီ အနည်းဆုံး (၇)ရက် ကြိုတင်၍ အဆိုပြုလွှာ တင်သွင်းရမည်။ ကိုယ်စားလှယ်များအား ဆန္ဒပြုရွေးချယ်ရာတွင် လိုအပ်ပါက လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်။ ဆန္ဒမဲပေးနိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။

## ၃၅။ အထမြောက်သောရွေးချယ်တင်မြောက်ပွဲဖြစ်ခြင်း

ဗဟိုကော်မတီဝင်များ တင်မြောက်ရာတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ အသင်းသားအားလုံး၏ (၃)ပုံ (၁) ပုံ (သို့မဟုတ်) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အသင်းသားဦးရေ (၁၀၀) တက်ရောက်ဆန္ဒပြုမှသာ အထမြောက်သောရွေးချယ်တင်မြောက်ပွဲ ဖြစ်ရမည်။

## ၃၆။ ကိုယ်စားလှယ်လောင်းများရွေးချယ်ခြင်း

အပိုဒ် ၃၄ အရ အထမြောက်သော ရွေးချယ်တင်မြောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများကို မဲအနည်း၊ အများအလိုက် သတ်မှတ်ချက်ဦးရေအတိုင်း ရွေးချယ်သတ်မှတ်ရမည်။

## ၃၇။ ရွေးချယ်တင်မြောက်ရေးကော်မရှင်ဖွဲ့စည်းခြင်း

(က) ဗဟိုကော်မတီ၏ သက်တမ်းမကုန်ဆုံးမီ (၂)လ ကြိုတင်၍ အသင်းသားစုံညီ ညီလာခံနှင့် ဗဟိုကော်မတီ (အသစ်) ရွေးချယ်တင်မြောက်နိုင်ရန်အတွက် ရွေးချယ်တင်မြောက်ရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်ရမည်။

(ခ) အထက်အပိုဒ် (က) အရ ဖွဲ့စည်းမည့် ရွေးချယ်တင်မြောက်ရေးကော်မရှင်ကို အသင်းချုပ်၏လက်ရှိနာယက အဖွဲ့ဝင်များက သင့်တော်သူ အနည်းဆုံး (၃)ဦး ၊ အများဆုံး (၅)ဦးဖြင့် ဖွဲ့စည်းပေးရမည်။

## ၃၈။ ဗဟိုကော်မတီဝင်ရွေးချယ်ခြင်း

ဗဟိုကော်မတီအသစ်၏ (၃)ပုံ (၁)ပုံသည် ဗဟိုကော်မတီဝင်ဟောင်းများထဲမှ ဖြစ်ရမည်။ အဆိုပါ (၃)ပုံ (၁)ပုံကို လက်ရှိ ဗဟိုကော်မတီများက ဆန္ဒပြု ရွေးချယ်ရမည်။

## ၃၉။ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ရွေးချယ်ခြင်း။

ဗဟိုကော်မတီဝင်(၁၀၀)ဦးက ဗဟိုအလုပ်အမှုဆောင်(၄၈)ဦးကို အချင်းချင်းထဲမှ ရွေးချယ်ရမည်။

## ၄၀။ လက်ရှိဥက္ကဋ္ဌမတိုင်မီ ဥက္ကဋ္ဌ ရွေးချယ်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၄၈)ဦးက အခန်း (၆) အပိုဒ် ၂၄ တွင် ပါရှိသော အရည်အချင်းနှင့်ပြည့်စုံပြီး ဗဟိုကော်မတီဝင်အဖြစ် ဆက်လက်ဆောင်ရွက်ရန်ဆန္ဒပြုသည့် ကပ်လျက်ဖြစ်သော ယခင် ဗဟိုကော်မတီဥက္ကဋ္ဌအား အများဆန္ဒဖြင့် လက်ရှိဥက္ကဋ္ဌမတိုင်မီဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်ထားရမည်။

မှတ်ချက် ။ ။ လက်ရှိဥက္ကဋ္ဌမတိုင်မီဥက္ကဋ္ဌ၏ သက်တမ်းကာလသည် လက်ရှိရွေးချယ်တင်မြောက်ခြင်းခံရသည့် ဥက္ကဋ္ဌ၏ သက်တမ်းကာလအတိုင်း ဖြစ်သည်။

## ၄၁။ ယခင်ဆောင်ရွက်ခဲ့ပြီး ဥက္ကဋ္ဌများ ရွေးချယ်ခြင်း

ကျန်ရှိသောဗဟိုအလုပ်အမှုဆောင်(၃၀)ထဲမှ အခန်း (၆) အပိုဒ် ၂၄ တွင် ပါရှိသော အရည်အချင်းနှင့်ပြည့်စုံသူအား အများဆန္ဒဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၄၈)ဦးက အခန်း (၆) အပိုဒ် ၂၄ တွင် ပါရှိသော အရည်အချင်းနှင့်ပြည့်စုံပြီး ဗဟိုကော်မတီဝင်အဖြစ် ဆောင်ရွက်ရန်ဆန္ဒပြုသည့် ယခင်ဗဟိုကော်မတီဥက္ကဋ္ဌများအနက် (၂)ဦးအား အများဆန္ဒဖြင့် ယခင်ဆောင်ရွက်ခဲ့ပြီး ဥက္ကဋ္ဌများအဖြစ် ရွေးချယ်ခန့်ထားရမည်။

မှတ်ချက် ။ ။ ယခင်ဆောင်ရွက်ခဲ့ပြီး ဥက္ကဋ္ဌ၏ သက်တမ်းကာလသည် သာမန်အားဖြင့် (၂)နှစ်ဖြစ်ပြီး ဆန္ဒပြုလိုသည့် အကြိမ်တိုင်းတွင် ဝင်ရောက်အရွေးခံပိုင်ခွင့်ရှိသည်။

## ၄၂။ ဥက္ကဋ္ဌ ရွေးချယ်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၅၁)ဦးက အခန်း (၆)၊ အပိုဒ် ၂၄ တွင် ပါရှိသော အရည်အချင်းနှင့်ပြည့်စုံသူ အင်ဂျင်နီယာတဦးအား အများဆန္ဒဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်ထားရမည်။

မှတ်ချက် ။ ။ ဥက္ကဋ္ဌ၏ သက်တမ်းကာလသည် (၂)နှစ်ဖြစ်ပြီး ဆက်တိုက် (၂)ကြိမ်အထိသာ အရွေးခံပိုင်ခွင့်ရှိသည်။ သို့သော် ဗဟိုကော်မတီက အခြေအနေအရပ်ရပ်အရဆက်လက်ရွေးချယ်ခံပိုင်ခွင့် ပေးရန် ဖြစ်ပေါ်လာပါက နောက်ထပ်(၂)နှစ် တစ်ကြိမ်အရွေးခံပိုင်ခွင့်ရှိသည်။
ထို (၂)နှစ်တွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၁) ဦးနှင့် ဗဟိုကော်မတီ (၁)ဦး ထပ်တိုးရန်ဖြစ်သည်။

## ၄၃။ ဒုတိယဥက္ကဋ္ဌများ ရွေးချယ်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၅၁)ဦးက ဥက္ကဋ္ဌ၊ လက်ရှိဥက္ကဋ္ဌမတိုင်မီဥက္ကဋ္ဌနှင့် ယခင်ဆောင်ရွက်ခဲ့ပြီး ဥက္ကဋ္ဌများကို ချန်လှပ်၍ ကျန်ဗဟိုအလုပ်အမှုဆောင် (၄၇)ဦးထဲမှ အခန်း (၆) အပိုဒ် ၂၄ တွင် ပါရှိသော အရည်အချင်းနှင့်ပြည့်စုံသူ အင်ဂျင်နီယာတွဲ့ရများအား အများဆန္ဒဖြင့် ဒုတိယဥက္ကဋ္ဌ (၈)ဦးအဖြစ် ရွေးချယ်ခန့်ထားရမည်။

## ၄၄။ အထွေထွေအတွင်းရေးမှူးချုပ် ရွေးချယ်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၅၁)ဦးက ကျန်ဗဟိုအလုပ်အမှုဆောင် (၃၉)ဦးထဲမှ အခန်း (၆) အပိုဒ် ၂၄ တွင် ပါရှိသော အရည်အချင်းနှင့်ပြည့်စုံသူအား အများဆန္ဒဖြင့် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ခန့်ထားရမည်။

မှတ်ချက် ။ ။ အထွေထွေအတွင်းရေးမှူးချုပ်၏ သက်တမ်းကာလသည် (၂)နှစ်ဖြစ်ပြီး ဆက်တိုက် (၂)ကြိမ်အထိသာ အရွေးခံပိုင်ခွင့်ရှိသည်။

## ၄၅။ တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ်များရွေးချယ်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်(၅၁)ဦးက တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ်များအဖြစ် ကျန်ရှိသော ဗဟိုအလုပ်အမှုဆောင်(၃၈)ဦး ထဲမှ အခန်း (၆) အပိုဒ် ၂၄ တွင်ပါရှိသော အရည်အချင်းနှင့်ပြည့်စုံသူများအား အများဆန္ဒဖြင့် တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ် (၈)ဦးအဖြစ် ရွေးချယ်ခန့်ထားရမည်။

## ၄၆။ ဘဏ္ဍာရေးမှူးရွေးချယ်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဘဏ္ဍာရေးမှူးတစ်ဦး ရွေးချယ်ရာတွင် ဗဟိုအလုပ်အမှုဆောင်(၅၁)ဦးက ကျန်ရှိသောဗဟိုအလုပ်အမှုဆောင်(၃၀)ထဲမှ အခန်း (၆) အပိုဒ် ၂၄ တွင် ပါရှိသော အရည်အချင်းနှင့်ပြည့်စုံသူအား အများဆန္ဒဖြင့် ဘဏ္ဍာရေးမှူးအဖြစ် ရွေးချယ်ခန့်ထားရမည်။

## ၄၇။ တွဲဖက်ဘဏ္ဍာရေးမှူး ရွေးချယ်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ တွဲဖက်ဘဏ္ဍာရေးမှူးတစ်ဦး ရွေးချယ်ရာတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၅၁)ဦးက ကျန်ရှိသော ဗဟိုအလုပ်အမှုဆောင်(၂၉)ဦး ထဲမှ အခန်း(၆) အပိုဒ် ၂၄ တွင် ပါရှိသော အရည်အချင်းနှင့်ပြည့်စုံသူအား အများဆန္ဒဖြင့် တွဲဖက်ဘဏ္ဍာရေးမှူး အဖြစ် ရွေးချယ် ခန့်ထားရမည်။

## ၄၈။ အကျိုးဆောင်စာရင်းစစ်ရွေးချယ်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ အကျိုးဆောင်စာရင်းစစ်တစ်ဦး ရွေးချယ်ရာတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၅၁)ဦးက ကျန်ရှိသော ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်(၂၆)ဦးထဲမှ အခန်း (၆) အပိုဒ် ၂၄ တွင် ပါရှိသော အရည်အချင်းနှင့်ပြည့်စုံသူအား အများဆန္ဒဖြင့် အကျိုးဆောင်စာရင်းစစ် အဖြစ်ရွေးချယ်ခန့်ထားရမည်။

## ၄၉။ တွဲဖက်အကျိုးဆောင်စာရင်းစစ်ရွေးချယ်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ တွဲဖက်အကျိုးဆောင်စာရင်းစစ်တစ်ဦး ရွေးချယ်ရာတွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီ (၅၁)ဦးက ကျန်ရှိသော ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်(၂၅)ဦးထဲမှ အခန်း (၆) အပိုဒ် ၂၄ တွင် ပါရှိသော အရည်အချင်း နှင့်ပြည့်စုံသူအား အများဆန္ဒဖြင့် တွဲဖက်အကျိုးဆောင်စာရင်းစစ် အဖြစ်ရွေးချယ်ခန့်ထားရမည်။

## ၅၀။ ပြန်ကြားရေးမှူးရွေးချယ်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ပြန်ကြားရေးမှူးတစ်ဦးရွေးချယ်ရာတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၅၁)ဦးက ကျန်ရှိသော ဗဟိုအလုပ်အမှုဆောင်(၂၈)ဦးထဲမှ အခန်း (၆)၊ အပိုဒ် ၂၄ တွင် ပါရှိသော အရည်အချင်းနှင့်ပြည့်စုံသူအား အများဆန္ဒဖြင့် ပြန်ကြားရေးမှူးအဖြစ်ရွေးချယ်ခန့်ထားရမည်။

## ၅၁။ တွဲဖက်ပြန်ကြားရေးမှူးရွေးချယ်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ တွဲဖက်ပြန်ကြားရေးမှူးတစ်ဦးရွေးချယ်ရာတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၅၁)ဦးက ကျန်ရှိသော ဗဟိုအလုပ်အမှုဆောင်(၂၇)ဦးထဲမှ အခန်း (၆)၊ အပိုဒ် ၂၄ တွင် ပါရှိသော အရည်အချင်းနှင့်ပြည့်စုံသူအား အများဆန္ဒဖြင့်တွဲဖက်ပြန်ကြားရေးမှူးအဖြစ်ရွေးချယ်ခန့်ထားရမည်။

## ၅၂။ အတည်ပြုခြင်း

ရွေးချယ်တင်မြှောက်ရေးကော်မရှင်သည် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဥက္ကဋ္ဌ၊ လက်ရှိဥက္ကဋ္ဌမတိုင်မီဥက္ကဋ္ဌ၊ ယခင်ဆောင်ရွက်ခဲ့ပြီး ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးချုပ်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးချုပ်များ၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူး၊ ပြန်ကြားရေးမှူး၊ တွဲဖက်ပြန်ကြားရေးမှူး၊ အကျိုးဆောင်စာရင်းစစ်နှင့် တွဲဖက်အကျိုးဆောင်စာရင်းစစ် အမည်စာရင်းကို ညီလာခံတွင် ကြေညာရာ၌ ၎င်းတို့သည် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဥက္ကဋ္ဌ၊ လက်ရှိဥက္ကဋ္ဌမတိုင်မီဥက္ကဋ္ဌ၊ ယခင်ဆောင်ရွက်ခဲ့ပြီး ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးချုပ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ်များ၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူး၊ ပြန်ကြားရေးမှူး၊ တွဲဖက်ပြန်ကြားရေးမှူး၊

အကျိုးဆောင်စာရင်းစစ်နှင့် တွဲဖက်အကျိုးဆောင်စာရင်းစစ်များ ဖြစ်ကြောင်း ကြေညာ၍ အတည်ပြုချက်ရယူရမည်။

**၅၃။ ပညာရပ်/ရေးရာကော်မတီများ ဖွဲ့စည်းခြင်း**

အခန်း (၅) အပိုဒ် ၂၀ ပါ ပြဋ္ဌာန်းထားရှိသည့်အတိုင်း ဗဟိုကော်မတီသည် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံပြီးလျှင် ပြီးချင်း ပထမဆုံးအစည်းအဝေးကိုခေါ်ယူ၍ ဗဟိုအလုပ်အမှုဆောင်များထဲမှ ကိုယ်စားလှယ်များကို အဖွဲ့/ကော်မတီ ခေါင်းဆောင်ထား၍ ဗဟိုကော်မတီဝင် အနည်းဆုံး (၂)ဦးပါဝင်သော ပညာရပ်/ရေးရာကော်မတီများကို ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

**၅၄။ စာရင်းစစ်အဖွဲ့ ဖွဲ့စည်းခြင်း**

အခန်း (၅) အပိုဒ် ၂၃ ပါ ပြဋ္ဌာန်းထားရှိသည့်အတိုင်း အကျိုးဆောင်စာရင်းစစ်ကို အဖွဲ့ခေါင်းဆောင်ထား၍ တွဲဖက်အကျိုးဆောင်စာရင်းစစ်နှင့် ဗဟိုကော်မတီများ ထဲမှ (၃)ဦးကို အဖွဲ့ဝင်များအဖြစ် ခန့်ထားတာဝန်ပေး၍ စာရင်းစစ်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

**၅၅။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်လစ်လပ်ခြင်း / ဖြည့်စွက်ခြင်း**

ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် နေရာလစ်လပ်မှုရှိခဲ့လျှင် ဗဟိုကော်မတီဝင်များထဲမှ သင့်တော်သူ တစ်ဦးဦးအား ဗဟိုကော်မတီက မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက် ဖြည့်စွက်နိုင်သည်။ အသင်းဥက္ကဋ္ဌနေရာ လစ်လပ်ပါက ဒုတိယဥက္ကဋ္ဌ (၈)ဦးအနက်မှ တစ်ဦးဦးအား ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များက မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက် ဖြည့်စွက်ရမည်။ အသင်းအထွေထွေအတွင်းရေးမှူးချုပ် နေရာ လစ်လပ်ပါက တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ် (၈)ဦးအနက်မှ တစ်ဦးဦးအား ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များက မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက် ဖြည့်စွက်ရမည်။ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ်၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူး၊ ပြန်ကြားရေးမှူး၊ တွဲဖက်ပြန်ကြားရေးမှူး၊ အကျိုးဆောင်စာရင်းစစ်နှင့် တွဲဖက်အကျိုးဆောင်စာရင်းစစ်နေရာများ လစ်လပ်ပါက ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များထဲမှ တစ်ဦးအား ဗဟိုအလုပ်အမှုဆောင်များက မဲစနစ်ဖြင့် ရွေးချယ် တင်မြှောက် ဖြည့်စွက်ရမည်။

## အခန်း (၈)
## အစည်းအဝေးကျင်းပပုံစနစ်

**၅၆။ အသင်းသားစုံညီ ညီလာခံကျင်းပခြင်းအစီအစဉ်**

အသင်းသားစုံညီ ညီလာခံမှာ နှစ်ပတ်လည် (သို့မဟုတ်) အထူးအစည်းအဝေးဖြစ်ရမည်။ အောက်ပါအစီအစဉ်အတိုင်း ကျင်းပရမည်–

(က) လွန်ခဲ့သော အသင်းသားစုံညီ ညီလာခံ (သို့မဟုတ်) အထူးအစည်းအဝေးမှတ်တမ်းကို ဖတ်ကြား အတည်ပြုရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ဂ) စစ်ဆေးပြီးသည့်နှစ်ချုပ် ငွေစာရင်းများကို အတည်ပြုချက်ရယူရမည်။

## ၅၇။ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ ကျင်းပခြင်းအစီအစဉ်

အသင်းချုပ်၏ ပထမအကြိမ် အသင်းသားစုံညီ ညီလာခံကို အသင်းချုပ်စတင်တည်ထောင် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ (၂၃.၁၂.၁၉၉၅) မှ (၁၈)လ ကာလအတွင်းနှင့် နောင်နှစ်များတွင် နောက်ဆုံးအစည်းအဝေးကျင်းပပြီးသည့်နေ့မှ (၁၅)လအတွင်း ကျင်းပရမည်။

## ၅၈။ အစည်းအဝေးဖိတ်ကြားခြင်း

နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံဖိတ်စာကို အသင်းသားများထံ စာပို့စာအုပ်နှင့် လူကိုယ်တိုင်ဖိတ်ကြားခြင်း၊ မှတ်ပုံတင်မျှောစာဖြင့် ဖိတ်ကြားခြင်း၊ သတင်းစာတွင် ကြော်ငြာ၍ ဖိတ်ကြားခြင်းများအပြင် နောက်ဆုံးပေးထားသော လိပ်စာ၊ ဖုန်းနံပါတ်၊ E-mail, Social Media Applications စသည့် Digital Platform တစ်ခုခုကို အသုံးပြု၍ ဖိတ်ကြားရမည်။ ဖိတ်ကြားပြီးကြောင်းမှတ်တမ်းများ ထားရှိရမည်။ အစည်းအဝေးဖိတ်ကြားရာ၌ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့် အသင်းသားစုံညီ အထူးအစည်းအဝေးကို (၁၄)ရက် ကြိုတင်၍ ဖိတ်ကြားရမည်။

## ၅၉။ အစည်းအဝေးဖိတ်ကြားခြင်း စည်းကမ်း

မည်သည့်အစည်းအဝေးတွင်မဆို အစည်းအဝေးဖိတ်စာကို အသင်းသားများအား နောက်ဆုံးပေးထားသော လိပ်စာ၊ ဖုန်းနံပါတ်၊ E-mail, Social Media Applications စသည့် Degital Platform တစ်ခုခုကို အသုံးပြု၍ ဖိတ်ကြားပေးပို့ရမည်။ ဖိတ်ကြားပြီးကြောင်းမှတ်တမ်းများ ထားရှိရမည်။ ၎င်းအစည်းအဝေးဖိတ်စာကို အသင်းသားတစ်ဦးက မရရှိခြင်းဖြင့် ထိုအစည်းအဝေးတွင် ဆုံးဖြတ်ထားသည့် ကိစ္စများသည် ပျက်ပြယ်ခြင်းမရှိစေရ။

## ၆၀။ အစည်းအဝေးဖြစ်မြောက်ရန် အသင်းသားဦးရေ

နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ (သို့မဟုတ်) အထူးအစည်းအဝေးထမြောက်ရန် လိုအပ်သော အသင်းသား ဦးရေမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မှတ်ပုံတင်အသင်းသား (၃)ပုံ (၁)ပုံ သို့မဟုတ် အနည်းဆုံး အသင်းသားဦးရေ (၁၀၀)ဖြစ်စေရမည်။

## ၆၁။ အစည်းအဝေးသဘာပတိ

အသင်းချုပ်အစည်းအဝေးတွင်ဖြစ်စေ၊ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးတွင်ဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌမရှိခဲ့လျှင် အစည်းအဝေးသဘာပတိတစ်ဦးကို အစည်းအဝေးတက်ရောက်သူများက ရွေးချယ်တင်မြှောက်ရမည်။

## ၆၂။ အစည်းအဝေးတက်ရောက်ခြင်း

ဗဟိုကော်မတီဝင်တစ်ဦးဦး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဦးသည် ခွင့်မတိုင်ကြားဘဲ ဗဟိုကော်မတီ အစည်းအဝေးများ၊ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးများမှ တစ်ဆက်တည်း (၃)ကြိမ်တိုင်တိုင် ပျက်ကွက်ခဲ့လျှင် အလိုအလျောက် ဗဟိုကော်မတီဝင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ်မှ ရပ်စဲပြီးဟု မှတ်ယူရမည်။

## ၆၃။ အသင်းသားစုံညီ အထူးအစည်းအဝေးခေါ်ရန်စည်းကမ်း

အသင်းသားစုံညီ အထူးအစည်းအဝေးကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက လိုအပ်သည်ဟု ယူဆသောအခါတွင် လည်းကောင်း၊ အသင်းသား အနည်းဆုံး (၂၅)ရာခိုင်နှုန်းထံမှ ကျင်းပစေလိုကြောင်း ရေးသားတောင်းဆိုသည့် တိကျပြတ်သားသော အစီအစဉ်များဖြင့်

တင်ပြတောင်းဆိုပြီးသည့် (၃၀)ရက်အတွင်း၌ အစည်းအဝေးကျင်းပရမည်။ အစည်းအဝေးဖိတ်ခေါ်ရခြင်း အကြောင်းနှင့် အစည်းအဝေးတွင် ဆွေးနွေးရန်ကိစ္စများကို ဖိတ်စာတွင်ပါရှိစေ၍ ဖိတ်စာကို အစည်းအဝေးပြုလုပ်မည့် ရက်မတိုင်မီ (၁၄)ရက် ကြိုတင်၍ အသင်းသားများထံ ပေးပို့ရမည့်အပြင် ထိုကဲ့သို့သော အစည်းအဝေးများတွင် အစည်းအဝေးဖိတ်စာ၌ ပါရှိသည့်ကိစ္စများကိုသာ ဆွေးနွေးခွင့်ရှိစေရမည်။

## ၆၄။ အစည်းအဝေးရွှေ့ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း

မည်သည့်အသင်းချုပ်အစည်းအဝေးတွင်မဆို အသင်းသားအားလုံး၏ (၃)ပုံ (၁)ပုံ သို့မဟုတ် အသင်းသားဦးရေ (၁၀၀)ဦး မပြည့်ပါက သတ်မှတ်ထားသည့်အချိန်မှ တစ်နာရီကျော်လွန်ပြီးချိန်ထိ လိုအပ်သောအသင်းသားဦးရေမရှိခဲ့သော် အသင်းသားများ တောင်းဆိုသဖြင့် ကျင်းပရသောအစည်းအဝေးဖြစ်ပါက ၎င်းအစည်းအဝေးကို တစ်ခါတည်းရုပ်သိမ်းရမည်။ အခြားအကြောင်းကြောင့် ကျင်းပရသောအစည်းအဝေးဖြစ်ပါက ဥက္ကဋ္ဌဆုံးဖြတ်သည့်နေ့ရက်သို့ ရွှေ့ဆိုင်းရမည်။ ၎င်းရွှေ့ဆိုင်းရသော အစည်းအဝေးတွင် မူလဆုံးဖြတ်ရမည့် အလုပ်ကိစ္စများကိုသာ တက်ရောက်လာသမျှသော အသင်းသားများနှင့်ပင် ဆုံးဖြတ်နိုင်သည်။

## ၆၅။ အရေးပေါ်အထူးအစည်းအဝေး

သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို ပြင်ဆင်ရန်လိုအပ်သောအခြေအနေသို့ရောက်ရှိလာပါက ဗဟိုကော်မတီဝင်များ အားလုံး ကို အရေးပေါ်အထူးအစည်းအဝေးခေါ်ယူပြီး ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည့် ပြင်ဆင်မှုကို ပြုလုပ်၍ ယင်းပြင်ဆင်ချက်ကို အနီးဆုံးသင်းလုံးကျွတ် အသင်းသားစုံညီ ညီလာခံတွင် တင်ပြအတည်ပြုချက်ရယူရမည်။

## ၆၆။ ပုံမှန်အစည်းအဝေးပွဲများကျင်းပခြင်း၊ ထမြောက်ခြင်း။

ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကို အနည်းဆုံး (၁)လလျှင် တစ်ကြိမ်ကျင်းပရမည်။ ဗဟိုအလုပ်အမှုဆောင် ကော်မတီ အစည်းအဝေးကို အနည်းဆုံး ဗဟိုအလုပ်အမှုဆောင် (၃၀)ရာခိုင်နှုန်း တက်ရောက်မှသာ အစည်းအဝေး ထမြောက်ပါသည်။ ဗဟိုကော်မတီအစည်းအဝေးကို အနည်းဆုံး (၃)လလျှင် တစ်ကြိမ် ကျင်းပရမည်။ ဗဟိုကော်မတီဝင် (၃၀)ရာခိုင်နှုန်း တက်ရောက်မှသာ အစည်းအဝေးထမြောက်မည်။

### (က) အစည်းအဝေးကျင်းပခြင်း

အစည်းအဝေးများကို လူကိုယ်တိုင်တက်ရောက်သည့် မျက်နှာစုံညီအစည်းအဝေးနှင့် Online Meeting, Hybrid-Online Meeting စသည့် Degital Platform တစ်ခုခုကို အသုံးပြု၍ ပြုလုပ်သော Online အစည်းအဝေးများ ပြုလုပ်ကျင်းပနိုင်သည်။

### (ခ) ရွေးချယ်တင်မြောက်ခြင်း

ရွေးချယ်တင်မြောက်ခြင်းများကို လူကိုယ်တိုင် တက်ရောက်သည့် မျက်နှာစုံညီ အစည်းအဝေးတွင် ကိုယ်တိုင်မဲပေးခြင်းနှင့် Online Meeting ,Hybrid Online Meeting စသည့် Degital Platform တစ်ခုခုကို အသုံးပြု၍ပြုလုပ်သော အစည်းအဝေးတွင် Electronic Online Voting စနစ်ဖြင့် ကိုယ်တိုင်မဲပေးခြင်းများပြုလုပ်ဆောင်ရွက်နိုင်သည်။

## ၆၇။ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ပညာရပ်ဆိုင်ရာနှင့် ရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို လိုအပ်လျှင် လိုအပ်သလို ကျင်းပရမည်။

## ၆၈။ ဆုံးဖြတ်ချက်ချမှတ်ရန်စည်းကမ်း

နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုကော်မတီ အစည်းအဝေးများတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသည့် အစည်းအဝေးတက်ရောက်သော အသင်းသားများအနက်မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော အသင်းသားများ၏ သဘောဆန္ဒ အတိုင်း ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။ နှစ်ဦးနှစ်ဖက် မဲအရေအတွက် တူညီနေလျှင် အစည်းအဝေးသဘာပတိသည် နိုင်မဲပေး၍ ဆုံးဖြတ်နိုင်သည်။ အသင်းသားစုံညီ ညီလာခံ၏ ဆုံးဖြတ်ချက်တစ်ခုကို ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် (၆)လအတွင်း ပြင်ဆင်ပြောင်းလဲလိုလျှင် အသင်းသားစုံညီ အထူးအစည်းအဝေးခေါ်၍ ၎င်းအစည်းအဝေးတက်ရောက်သော အသင်းသား (၆၀) ရာခိုင်နှုန်း၏ သဘောတူညီချက်ရရှိမှသာ ပြင်ဆင်ပြောင်းလဲနိုင်ခွင့်ရှိသည်။ သို့ရာတွင် ကန့်သတ်ထားသည့် ကာလအပိုင်းအခြား ကုန်လွန်ပြီးသည့် နောက်တွင်မူ အသင်းသားစုံညီ ညီလာခံက အဆိုပါဆုံးဖြတ်ချက်ကို အများသဘောဖြင့်သော်လည်းကောင်း၊ အကယ်၍ ရရှိမဲများသည် နှစ်ဦးနှစ်ဖက်ညီမျှနေလျှင် သဘာပတိ၏ အနိုင်ပေး မဲဖြင့်သော်လည်းကောင်း ပြင်ဆင် ပြောင်းလဲနိုင်ခွင့် ရှိသည်။

**ပုံမှန်မဟုတ်သော ၊မမျှော်လင့် ၊မမျှော်မှန်းထားသော အခြေအနေ (Force Majeure/Act of God)** တစ်ခုခုတွင် ရောက်ရှိ၍ အစည်းအဝေးကျင်းပရန် မဖြစ်နိုင်ပါက ဗဟိုကော်မတီသည် လက်ရှိကော်မတီဝင်များ ၏ သဘောတူညီချက်ဖြင့် သင့်တော်သော (သို့မဟုတ်) အစည်းအဝေးကျင်းပနိုင်သောအချိန်အထိ ဗဟိုကော်မတီ၏ သက်တမ်းကို သက်တမ်းတိုး ရွှေ့ဆိုင်း (Defer) ရန်ဆုံးဖြတ်နိုင်သည်။ အသင်းချုပ်၏ ရည်ရွယ်ချက်များမှ သွေဖည် ခြင်းမရှိသော အရေးပေါ် (သို့မဟုတ်) အရေးကြီးသော ဆုံးဖြတ်ချက်များကိုလည်း ဆုံးဖြတ်နိုင်သည်။ အစည်းအဝေး ကျင်းပသည့်အချိန်တွင် အတည်ပြုချက်ရယူရမည်။ အရေးကြီးသောရာထူးနေရာများလစ်လပ်သွားပါက လက်ရှိကော်မတီဝင်များ၏ သဘောတူညီချက်ဖြင့် ရွေးချယ်တင်မြှောက်၍ ယာယီတာဝန်ပေးအပ်ရမည်။ အစည်းအဝေးကျင်းပချိန်တွင် အတည်ပြုချက်ရယူရမည်။

## ၆၉။ အသင်းချုပ်၏ ကိုယ်စားလှယ်များအတွက်သတ်မှတ်ချက်

အသင်းချုပ်၏ကိုယ်စားလှယ်များသည် အောက်ပါအတိုင်း သတ်မှတ်ချက်များကို လိုက်နာရမည်-

(က) **အသင်းချုပ်၏ကိုယ်စားလှယ်များ လိုက်နာရန်စည်းကမ်း**

နိုင်ငံတော်အစိုးရ၏ ဌာနဆိုင်ရာအစည်းအဝေးများတွင် ဤအသင်းချုပ်၏ကိုယ်စားလှယ်တက်ရောက်ရန်၊ မည်သည့် အသင်းသားကိုမဆို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ကော်မတီကိုယ်စားလှယ်အဖြစ် ခန့်အပ်နိုင်သည်။ အသင်းချုပ်၏ကိုယ်စားတက်ရောက်ရသည့်အသင်းသားသည် အသင်းချုပ်၏ညွှန်ကြားချက်ကိုနာခံ၍ ဆောင်ရွက်ရမည်။

(ခ) **ညှိနှိုင်းဆောင်ရွက်ခြင်း**

အသင်းချုပ်ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်သော ပုဂ္ဂိုလ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျိုးစီးပွား ထိခိုက်ရန် ဖြစ်ပေါ်သည့်ကိစ္စရပ်များနှင့် နိုင်ငံတော်၏အကျိုးကို ထိခိုက်မည့်အရေးကြီးကိစ္စများ ပေါ်ပေါက်လျှင် အနီးကပ်ဆုံး ဗဟိုကော်မတီသို့တင်ပြ၍ လမ်းညွှန်ချက်ယူရမည်။ အကယ်၍ အချိန်မရလျှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူးချုပ်တို့အနက်မှ အနည်းဆုံး (၂)ဦးဖြင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည်။

# အခန်း (၉)
# အထွေထွေ

## ၃၀။ အသင်းချုပ်ဖျက်သိမ်းသောအခါ ငွေကြေးတာဝန်

အသင်းချုပ်ကိုဖျက်သိမ်းသောနေ့၌ အသင်းချုပ်ကတင်ရှိသောကြွေးမြီနှင့် အသင်းချုပ်ကိုဖျက်သိမ်းရာ၌ ကုန်ကျသောစရိတ်ကြေးငွေ အတွက် လက်ရှိဗဟိုကော်မတီက လက်ရှိ အသင်းချုပ်၏ငွေကြေးနှင့် ပုံသေပိုင်ဆိုင်မှုဘောင်အတွင်းမှ ပြီးပြတ်သည်အထိ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးရန်။

## ၃၁။ ဖျက်သိမ်းပြီး လက်ကျန်ငွေနှင့်အသင်းပိုင်ပစ္စည်းများ စီမံခန့်ခွဲခြင်း

အသင်းချုပ်ကိုဖျက်သိမ်း၍ ပေးလျော်ရန်ရှိသော ကြွေးမြီတာဝန်အားလုံးကို ရှင်းလင်းပြီးသည့်နောက် အသင်းချုပ်ပိုင်ပစ္စည်း တစ်စုံတစ်ရာကျန်ရှိသောပစ္စည်းကို အသင်းသားများအား ဝေငှပေးကမ်းလွှဲပြောင်းခြင်းမပြုဘဲ အသင်းချုပ်ကိုဖျက်သိမ်းသည့်အခါဖြစ်စေ၊ မဖျက်သိမ်းမီဖြစ်စေ၊ အသင်းချုပ်နှင့် ရည်ရွယ်ချက်ခြင်းတူညီသော အခြားအသင်းအား လွှဲပြောင်းလှူဒါန်းရမည်။ ထိုသို့ပြုလုပ်ရန် ပျက်ကွက်ခဲ့လျှင် ထိုကိစ္စမျိုး၌ စီရင်ခွင့်အာဏာရှိသောတရားရုံးအမိန့်အရ လွှဲပြောင်းလှူဒါန်းရမည်။

## ၃၂။ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းများကို ပြင်ဆင်ခြင်း

သင်းဖွဲ့မှတ်တမ်းအပိုဒ်(၄)နှင့် မဆန့်ကျင်စေဘဲ နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံ တက်ရောက်သူအသင်းသားများ၏ (၄)ပုံ (၃)ပုံက ဤသင်းဖွဲ့စည်းမျဉ်းကို ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ ရုပ်သိမ်းခြင်းပြုလုပ်နိုင်သည်။ သို့ရာတွင် အရေးပေါ် ပြင်ဆင်ရန်လိုအပ်ပါက အထမြောက်သော ဗဟိုကော်မတီအစည်းအဝေး၏ဆန္ဒဖြင့် ပြင်ဆင်ခြင်း၊ အစားထိုးခြင်း၊ ဖြည့်စွက်ခြင်းပြုလုပ်၍ ယင်းပြင်ဆင်ချက်များကို အနီးဆုံး နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံတွင် အတည်ပြုချက်ရယူရမည်။

## ၃၃။ အတည်ပြုခြင်း

သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းကို ( ၂၂- ၁ -၂၀၂၂ )နေ့တွင် ကျင်းပပြုလုပ်သော အသင်းသားစုံညီ ညီလာခံတွင် အားလုံးက သဘောတူဆုံးဖြတ်ကြပါသည်။